
SAMPLE BOOK

# သူနဲ့... ကိုယ်
# ကိုယ်နဲ့... သူ

(မဂ္ဂဇင်းဝတ္ထုရှည်များ)

မေမောင်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)



mgyoe.com SAMPLE BOOK

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ ပေမောင်

# ကိုယ်နဲ့... သူ
# သူနဲ့... ကိုယ်

(မဂ္ဂဇင်းဝတ္ထုရှည်များ)



mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၂၁ ခုနှစ်။

ထုတ်ဝေသူ - တောင်ဇလပ်နီ စာပေတိုက် (၀၂၇၇၄)

ပုံနှိပ်သူ - မျိုးမျိုးပုံနှိပ်တိုက် (၀၁၅၃၃)

မျက်နှာဖုံး - အီလစ်

အတွင်းအပြင်အဆင် - ပုံရိပ်ရှင်

စာအုပ်ချုပ် - မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၅၀၀ ကျပ်

၈၀၈.၈၄
မေမောင်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)
သူနဲ့ ကိုယ် ကိုယ်နဲ့ သူ၊
မေမောင်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၁။
စာ-၂၁၀၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) သူနဲ့ ကိုယ် ကိုယ်နဲ့ သူ


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


✏ သူနဲ့ ကိုယ် ကိုယ်နဲ့ သူ ၇

မေမောင်

၁။ လွမ်းချင်းရှည်တပုဒ်၏ နိဂုံး ၅၉

၂။ လွမ်းတယ်လို့တော့ မဟုတ်ပါဘူး ၉၆

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

၁။ ချစ်သူရဲ့ဇာတ်ကောင် ၁၃၃

၂။ အလှဖျက်ပိုး ၁၇၈


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သူနဲ့ ကိုယ် ကိုယ်နဲ့ သူ

ဟုတ်တော့ ဟုတ်နေပါပြီ၊ ဘာဟုတ်တာလဲ မေးရင်တော့ ကျေနပ်လောက်တဲ့ အဖြေကို ကိုယ် ပြန်ပေးနိုင်မှာ မဟုတ်ဘူး။

သူပဲ ရှာရှာဖွေဖွေ တွေးတတ်သည်။ အိမ်မှာ လောလောဆယ် အလုပ်မရှိ အကိုင်မရှိ နေရလို့များလား။ ဒါမှမဟုတ် သူ့မှာ ကိုယ့်ထက်များ ဦးနှောက်အကန့် နှစ်ကန့်လောက်ပဲ ပိုနေလို့လား။ ဟုတ်မှာပါ။ တကန့်က ကလေးတွေကို စာသင်ဖို့၊ တကန့်က စစ်စစ်ပေါက်ပေါက် တွေးဖို့...။ ရေးဖို့...။ အေးပေ့ါလေ... သူ အဲဒီလိုတွေ စိတ်ကူးစိတ်သန်း ရတော့လည်း ကိုယ်မသေခင် ကိုယ့်အကြောင်း သူရေးတာ ဖတ်ရသလို သူ့အကြောင်းကိုလည်း သူ သက်ရှိထင်ရှားရှိတုန်း ဖတ်သွားရတာပေ့ါ။ စာအုပ်လေး ဖြစ်တဲ့အထိတော့ တို့နှစ်ယောက်လုံး ရှိနေဦးမှာပါနော်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင်လို့ ဆိုထားတယ်မို့လား။

သူ ပထမဆုံး စပြောခဲ့တာ နှစ်ယောက်ပေါင်း မဂ္ဂဇင်းဝတ္ထုရှည် စာအုပ်တအုပ် လုပ်ရအောင်တဲ့။ တယောက်နှစ်ပုဒ် နောက်တော့ ငါးပုဒ်က ပိုလှတယ်တဲ့...။ လုပ်လေ သူ သုံးပုဒ် ကိုယ် နှစ်ပုဒ်ပေါ့။ သူက မဂ္ဂဇင်းဝတ္ထုရှည်တွေ အများကြီးရှိနေတာမို့ ကိုယ်က အဲဒီလို စဉ်းစားတာ။ မဟုတ်သေးဘူးတဲ့လား..။ ခေါင်းစဉ်တခုကို နှစ်ယောက်ရေးမယ်။ ကိုယ်က အရင်စပြီးမှ သူ ဆက်မယ်....။

တော်သေးတာပေါ့။ သူ အရင်ရေးပြီး ကိုယ် နောက်က ဆက်ရေးရမယ် ဆိုရင် ဖြစ်မယ်မထင်ပါ။ သူ့ခမျာ စာရေးပျင်းတဲ့ ကိုယ့်ကို သိမ်းသွင်းရတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ ဟိုလိုလေး စဉ်းစား၊ ဒီလိုလေး စဉ်းစားနဲ့ စည်းရုံးရတာ။ ကိုယ် မရေး ရေးချင်အောင် စဉ်းစားရင်း စဉ်းစားရင်းနဲ့ သိပ်ကောင်းတဲ့ အကြံတခုကို တွေးမိသွားတာလား။

အိမ်မှာ ဈေးမရောင်းရတဲ့ ရက်တွေ အားနေပေမယ့်လည်း ကိုယ့်သဘောနဲ့ကိုယ် ဆိုရင်တော့ လုပ်ဖြစ်မယ် မထင်ပါ။ ကျေးဇူးကြီးပါတယ်...။ 'ဝ' ညီမလေး (သူ့နာမည်မှာ ငသတ်တွေ ဝစ္စနှစ်လုံးပေါက်တွေ ထည့်ရင် ရှည်မှာစိုးလို့ အဲဒီနာမ်စားပဲ သုံးမည်။ အဲဒါမှလည်း သူနဲ့ လိုက်ဖက်မှာလေ။)

ဘာပဲဖြစ်ဖြစ် အခုပဲ စလိုက်တော့မည်။ အဲဒါမှ သုခပဲ။ သူ့အကြောင်း ရေးရင် လွယ်မယ်ထင်ထားတာ။ ခုတော့ ဘယ်က စပြီး ဘာကို ရေးရမှာလဲ။

သူ့စာတွေနဲ့ ပတ်သက်ပြီး ဝေဖန်လေကန်ရအောင်ကလည်း ကိုယ်မကျွမ်းကျင်တဲ့ ကိစ္စ။ သူ့စာတွေမှ မဟုတ်ပါဘူးလေ။ ဘယ်သူ့


mgyoe.com

mgyoe.com
SAMPLE BOOK


စာတွေကိုမှ မဝေဖန်တတ်တာ(ရဲသွေးမြှိန်းတို့နဲ့များ ကွာပ့်)။ စာတပုဒ်ကို ဖတ်ပြီးရင် ကောင်းရင် ကောင်းတယ်၊ ကြိုက်ရင် ကြိုက်တယ်။ မကောင်းရင်လည်း မကောင်းဘူး။ မကြိုက်ရင်လည်း မကြိုက်ဘူး။ ဒါလောက်ပဲ ခံစားတတ်တာကိုး။

စာတပုဒ်ကို အနုလုံပဋိလုံ ဖတ်ရှု၊ စိစ်ဆေး၊ အကဲဖြတ်၊ ဝေဖန်ရတာ ဆရာကြီး၊ ဆရာမကြီးတွေရဲ့အလုပ်ပဲပဲဟာ။ မဟုတ်ဘူးလား။ အဲဒီတော့ သူ့စာတွေအကြောင်း တလုံးတလေမှ ပါမှာ မဟုတ်တာ သေချာပါသည်။ ဒီအတိုင်းတိုင်း ကောင်းနေတဲ့ သူ့စာတွေ ကိုယ့်ကြောင့် မပျက်စီးစေရ။

သူ့ကို 'နှင်းဖြူဆွေ' နဲ့ စသိခဲ့တာလား။ 'အရဏ်ဦး'နဲ့လား။ မဟုတ်သေးဘူး ထင်တယ်နော်။ အဲဒါတွေနဲ့ ဆိုရင်တော့ သူက ကိုယ့်ထက် စာပေသက် အနည်းငယ်ကြီးသည်။ သူ့ပထမဆုံး စာမူက ၈၅ မှာ စခဲ့တာ ဆိုတော့လေ။

သူလည်း မန္တလေးထွက် စာရေးဆရာတဦးပီပီ 'စံပယ်ဖြူ' မဂ္ဂဇင်းက စခဲ့တာ။ နာမည်ရင်းနဲ့ ရေးတဲ့ သူ့ကလောင်နာမည်ကို အားမနာတမ်း ပြောကြေးဆို နည်းနည်းလေးမှ မကြိုက်ခဲ့ပါ။ ဆရာကြီး ဦးသာရက ပေးခဲ့တာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်...။

ဘယ်သူတွေ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ခုတော့ အဲဒီနာမည်လေးနဲ့ စာပေနယ်မှာရော၊ ပညာရေးနယ်ပယ်မှာရော ပေါက်ပြောက်ထူးချွန် အောင်မြင်နေတာ အမြင်ကပ်ဖို့တောင် ကောင်းတယ် မဟုတ်လား။ သူ့နာမည်က အင်္ဂလိပ်လို စာလုံးပေါင်းရင် အောင်မြင်တဲ့ အဓိပ္ပာယ်၊ အောင်မြင်တာ နှစ်လုံးဆင့်ထားတဲ့အထဲ နောက်တစ်လုံးက အထက်မှာ ရောက်နေတာ ဆိုတော့ နာမည် ခြောက်လုံးနဲ့ ကောင်းစားနေတာပေ့ါ။


mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ့်နာမည်ကို ကြည့်ပါဦး။

"အောင်မြင်မှုမှာ ရှေ့က 'အ'ထည့်ထားတော့ သွားပြီပေါ့ဟာ။ နာမည်အရကို ငါက ရှုံးနေတာ"

"ပေါက်ကရတွေ ပြောပြီ၊ အဲဒါ ကလောင်နာမည်မှ မဟုတ်တာ"

"သိပ်မကြာခင်။ အဟဲ.. နောက် ဆယ်နှစ်လောက် ဆိုရင်ပေ့ါ။ ကလောင်နာမည်ရှေ့မှာလဲ 'အ'ထည့်ကြလိမ့်မယ်... စာပေနယ်မှာ 'အမေမာ' ပြီးတော့ ငါပဲပေ့ါဟယ်.... ဘယ်တတ်နိုင်မလဲ"

"အေးပါဟယ်... ဟုတ်ပါတယ်... ဟုတ်ပါတယ်"

သူနဲ့ ကိုယ်ကတော့ အဲဒီလိုပါပဲ။ သူလည်း ပါဝါများများ၊ ကိုယ်လည်း ပါဝါများများ ဆိုတော့ အမြင်ရှင်းကြပေမယ့် သူ့ကို တချို့တလေက အမြင်မကြည်ကြတာ ဘာကြောင့်များပါလိမ့်။ သူ့ရဲ့ လူပုံဖြူနွဲ့နွဲ့နဲ့ မလိုက်ဖက်တဲ့ ပြောပေါက်ဆိုပေါက်တွေကြောင့်များလား။ မဟုတ်ရင် 'ခင်ကြီးကျယ်' ပုံ ပေါက်နေလို့လား။ တခါတခါ ဘာမဟုတ်တဲ့ ကိစ္စလေးတခု အတွက်နဲ့ မပြီးနိုင်မစီးနိုင် ခံစား၊ စိတ်တို၊ ဒေါသထွက်နေတာကိုတော့ ကိုယ်လည်း မကြိုက်ပါ။ အေးပေ့ါလေ... ကိုယ်က ဘာမဟုတ်တဲ့ ကိစ္စ ဖြစ်နေပေမယ့် သူ့အတွက်ကတော့ ကိစ္စက ကြီးချင်ကြီးနေမှာပေ့ါ။

တခါတခါ သူ့ဆီက စကားသံတွေ။ 'တို့ကို ဘယ်သူက ဘယ်လိုပြောလို့ တို့က ဘယ်လိုတွေ ပြန်ပြောလိုက်တာ' ဟုတ်ရဲ့လား ဝရယ်...၊ တခါတခါ သူ ပြန်ပြောတယ် ဆိုတဲ့ စကားလုံးတွေက ကိုယ်သာဆို တဖက်လူကို အားနာတာနဲ့ ပြန်ပြောဖြစ်မှာ မဟုတ်တဲ့ စကားအသုံးအနှုန်းတွေ။ ဘယ်သူ့ကိုဖြင့် ဘယ်လိုပြောလိုက်တာ၊ ဘယ်သူ့ကိုတော့ ဘယ်လိုဆက်ဆံလိုက်တာ ဆိုတဲ့ စကားတွေကို အမှန်အတိုင်း ပြောရရင် ကိုယ် မယုံခဲ့ပါ။


mgyoe.com

သူ အဲဒီလောက် အထိတော့ တဖက်သားကို အားမနာ လျှာမကျိုးမ ပြောလောက်ဘူး ဆိုတဲ့ သူ့ကို ချစ်တဲ့စိတ်နဲ့ ကိုယ်ကတော့ အဲလိုပဲ ဖော့တွေးခဲ့သည်။ တကယ်ဆိုတော့ သူ့အမေရော အဖေရော စကားပြော ညင်သာသိမ်မွေ့ကြသည်။ အရာရှိကြီးနဲ့ အရာရှိကတော်ကြီးရဲ့ သွန်သင် ပဲ့ပြင်မှုတွေကြောင့်လား။ သူတို့ညီမသုံးယောက်လုံးလည်း စကားပြောတာ ညင်သာနူးညံ့ကြသည်။ ယဉ်ကျေးလိမ္မာသမီးလေးတွေ ဆိုပါတော့။ သူက အကြီးဆုံးသမီး ဆိုတော့ ပိုတောင်သိမ်မွေ့သေးသည်။ ကိုယ့်လို နင်တလုံး ငါတလုံး ဘယ်တော့မှမပြော။ ဘယ်သူနဲ့မှ နင်ပဲငါဆ ပြောတာ မတွေ့ဖူးတော့ သူကသာ ဘယ်သူတွေနဲ့ စကားများတယ် စိတ်ဆိုး မာန်ဆိုး ဖြစ်တယ် ပြောပြော ကိုယ်လက်ခံလို့ မရတာပေါ့။ သူ့ဘာသာသူ ဘယ်လောက်ပဲ စွာတယ် ပြောပြောလေ။

ကိုယ် မယုံရတဲ့ အကြောင်းကလည်း လုံလောက်ပါသည်။ သူ ဘယ်သူ့ကို ဘယ်လောက်ပဲ ဘယ်လိုတွေ ပြောခဲ့ပါတယ် ပြောပြော သူတို့ချင်း ထိပ်တိုက်တွေ့ကြရင်တော့လည်း ချောနေကြတာပဲမို့လား။ စာပေမောင်နှမ ညီအစ်မတွေလေ၊ စိတ်ဆိုးတုန်း ခဏတော့လည်း ရှူးရှူး ဒိုင်းဒိုင်း ဖြစ်တတ်တာ သဘာဝကျပါတယ်။ ပြီးတော့ စိတ်ပြေလွယ်တာလည်း သူပါပဲ။ ခုပဲ ဒေါသတွေထွက်၊ စိတ်တွေ တိုနေပေမယ့် ခဏနေခုနက ဒေါသကြီးနေတာ သူ မဟုတ်တဲ့ အတိုင်းတိုင်း သူ့ဒေါသ သူပြန်ထိန်းရင်း ပြေပြေပြစ်ပြစ် ရယ်ရယ်ရွှင်ရွှင်ပြုံးပြုံး ဖြစ်သွားတာ တခုကတော့ သူရဲ့ ချစ်စရာ အမူအကျင့်လို့ ပြောလို့ရမလား။ 'နင် ကလေ တကယ့်ကို ဝူးရှူးပဲ' လို့ ကိုယ်ကလည်း ပြောနေကျခဲ့ပြီ။

ဝူးဝါး ဝူးဝါးနဲ့ အဖျား ရှူးရှူးသွားတာမို့ ကိုယ် အဲဒီလို ပြောမှန်း သူလည်း သိတာပေါ့။ သူ ကိုယ့်ကို စိတ်မဆိုးခဲ့ဘူး လို့တော့ ထင်ရတာပဲ။ သူ့ကို ဘယ်သူတွေက ဘယ်လိုပြောပြီး နှိမ်ခဲ့တာ၊ အဲဒါကြောင့် မခံချင်တဲ့



mgyoe.com

mgyoe.com


စိတ်နဲ့ ကြိုးစားခဲ့တာ ဆိုတဲ့ စကားကိုတော့ ကိုယ် ယုံကြည်ခဲ့ပါသည်။ မျက်မြင်အခြေအနေမို့လား။ လူတယောက်ရဲ့ အောင်မြင်မှုကို လူတယောက်က မနာလို မရှုစိမ့်နိုင်တာလည်း သဘာဝတရားတခုပဲလေ။ သည်းခံနိုင်ရမှာပေါ့။

"ဟဲ့... ကြည့်လဲလုပ်ဦး... ကြာရင် နင့်နားမှာ ငါပဲကျန်တော့မှာနော်"

"အရေးမကြီးပါဘူးဟယ်။ တို့နှစ်ယောက် အမြဲတည့်နေရင်ပြီးပြီပေါ့"

"အေးပါ။ ပိုက်ဆံတွေ အများကြီး ချေးပြီး ပြန်မပေးဘဲ နေကြည့်ဦးမယ်။ အဲဒီတော့ တည့်သေးလားလို့ ကြည့်ကြသေးတာပေါ့"

နှစ်ဦးသား သဘောကျစွာ ရယ်ဖြစ်ကြသည်။ တကယ်လည်း အခုအချိန်မှာ သူနဲ့ကိုယ် နှစ်ယောက်ပဲ အနီးဆုံး ကျန်နေခဲ့တာ မဟုတ်လား။

၁၉၉၀-၂၀၀၀ နှစ် ဝန်းကျင်ကာလတွေကို သူလည်း လွမ်းနေမယ် ဆိုတာ သေချာပါသည်။ စာပေနယ် ရောက်ခါစ ဘယ်အချိန် ဘယ်ကာလများ စတွေ့မိခဲ့တဲ့ ကိုယ်တို့လေးယောက်လဲ။ ပေါင်းမိ တွဲမိပါပြီဆိုကတည်းက လေးယောက်သားဟာ လုံးလားထွေးလား။ နှစ်စဉ် အမေလူထုဒေါ်အမာကို သွားကန်တော့ကြတော့လည်း အတွဲလိုက်ကြီး။ အမေတယောက်တည်းတောင်မက။ အမေ ဒေါ်မာလာ၊ အမေ ရေနံမြေစု၊ အားလုံးကို ပတ်ကန်တော့ခဲ့ကြတာ။ လူထုတိုက်က စုရပ်ပေါ့။

အဲဒီကမှ ဘတ်စ်ကား အဆင့်ဆင့်စီး အမေ ရေနံမြေစု ဆိုရင် 'ယဉ်ပျံ့'အရပ်ထဲအထိ ကားအဆင့်ဆင့် ပြောင်းစီး။ ကားက ဆင်းပြီလား။ ရထားသံလမ်းဘေးတလျှောက် အဝေးကြီး လမ်းလျှောက်ပြီးမှ အမေစုအိမ် ရောက်တာလေ။ ပျိုမျစ်နုငယ် ချစ်စဖွယ် အရွယ်လေးတွေ ဆိုတော့


mgyoe.com

ပင်ပန်းရမှန်းလည်း မသိ၊ မောရမှန်းလည်း မသိ။ ပြုံးပျော်နေကြတဲ့ အမေတွေရဲ့ မျက်နှာကြောင့်လည်း ပါမှာပေါ့လေ။ သူတို့မှာ ရှိတဲ့ မုန့်တွေ ချကျွေးတော့လည်း အလုအယက် စားကြ။ အမေတွေနဲ့ စကားတွေ လုယက်ပြောကြ။ တကယ်ပဲ ပျော်ခဲ့ကြပါသည်။

အရင်ဆုံး အမေ ဒေါ်မာလာ ဆုံးသွားတော့ အမေမာနဲ့ အမေစု၊ နောက် အမေစု ဆုံးပါးသွားပြန်တော့ အမေမာတယောက်ကိုပဲ ကန်တော့ကြရတော့သည်။ ပိုနေတဲ့ အချိန်တွေကို ကိုယ့်ရဲ့ ဘုရားကြီးအရှေ့မုခ်က ဆိုင်လေးထဲမှာ ဖြုန်းခဲ့ရတာ အချိန်တွေ လောက်တောင် မလောက်ခဲ့။ တယောက်က မြစ်ငယ်ပြန်။ တယောက်က ပုသိမ်ကြီးပြန်။ သူကလည်း နန်းတော်ရှေ့ကို ပြန်သွားတော့ ဝေါင်စင်းစင်းနဲ့ ကျန်ခဲ့တာ ကိုယ်တယောက်တည်း။

ဆရာကြီး ဦးကိုလေးနဲ့ ဦးကြည်အောင်ကိုလည်း အမေတို့လို နှစ်စဉ်မဟုတ်ပေမယ့်လည်း အဆင်ပြေရင် ပြေသလို ကန်တော့ခဲ့ကြသည်။ ဆရာကြီးနှစ်ပါးနဲ့က နည်းနည်းလှမ်းတယ် ဆိုတော့လေ။ အချိန်အခါနဲ့ အခြေအနေ ဆိုတာ တသမတ်တည်း သွားရိုးထုံးစံ ရှိလို့လား။ အမြဲ ပြောင်းလဲနေတာကြောင့် အဲဒီအတွဲလိုက်ကြီးလည်း ပြုတ်ပြီပေါ့။ ကိုယ့်လို သူရော တခါတခါ စဉ်းစားမိရဲ့လား မသိ။ အဲဒီ နှစ်ယောက်သာ အိမ်ထောင်တွေ မကျခဲ့ဘူး ဆိုရင်၊ သူနဲ့ ကိုယ်လို အပျိုကြီးတွေ လုပ်ခဲ့မယ် ဆိုရင် (အပျိုကြီး 'လုပ်' တာနော်၊ 'ဖြစ်'တာ မဟုတ်) လေးယောက်တွဲကြီးဟာ အခုအချိန်အထိ အတွဲလိုက်ကြီး ရှိနေဦးမှာလား။ ပျင်းစရာကြီး နေမှာနော်။

ဟုတ်တယ်။ ဝေးဝေးက ချစ်ရတာပဲ ကောင်းတယ်။ သူနဲ့တောင် နန်းရှေ့နဲ့ ဘုရားကြီး မနီးမဝေးမို့ ဒါလောက် နှစ်ရှည်လများ မပျင်းမရိ တွဲဖြစ်နေတာ (တွဲစရာ လူသစ် မရှိတာတကြောင်း)။ ဟိုး တလောဆီက



mgyoe.com

mgyoe.com SAMPLE BOOK

တောင် မရောက်ဖြစ်တာကြာတဲ့ သူ့ဆီရောက်သွားတုန်း စကားတွေ ထိုင်ပြောဖြစ်ကြသည်။ တူဆိုးတူမိုက်တွေနဲ့ နေရတာ အဆင်မပြေတဲ့ အကြောင်း၊ မနေချင်တော့ဘူးလို့ ရင်ဖွင့်မိတော့ သူ့ညီမလေး 'မာမာ' က -

"မမ နန်းရှေ့လာနေလေ။ မာတို့နဲ့ ကပ်ရက်အိမ်က ရောင်းမှာ။ မမတို့ သူငယ်ချင်းနှစ်ယောက် နီးနီးနားနား နေရတာပေါ့"တဲ့။

သူ့ညီမလေး နှစ်ယောက်ကလည်း ကိုယ့်ကို ချစ်ကြ ခင်ကြတော့ အဲလိုပြောတာပေါ့။

"ဟာ အဲဒါတော့ မဖြစ်ဘူး ညီမလေး။ အဲလောက်နီးရင် သတ်နေရမှာ။ တယောက်နဲ့ တယောက် အခေါ်အပြော အဆက်အဆံကို ရှိတော့မှာ မဟုတ်ဘူး"

သူတို့ညီမတွေဟာ သဘောတကျ ရယ်လိုက်ကြတာ။ အဲလို တွေ့။ မတွေ့ကြတာလည်း ကြာပြီကိုး။

သူတော့ မသိ။ ကိုယ့်အတွက်တော့ စိတ်သွားတိုင်း ကိုယ်ပါတဲ့ ဘဝတွေက ငယ်ဘဝနဲ့အတူ ကျန်နေခဲ့ပြီ။ အရင်တုန်းကများ မိဘနှစ်ပါး ကလည်း သမီးကြီး ကိုယ် ဘယ်သွားသွား စိတ်ချနေတာပဲမို့ မြစ်ငယ် သွားလိုက်၊ ပုသိမ်ကြီး သွားလိုက်၊ နန်းရှေ့ သွားလိုက်။ ဘုရားကြီးမှာ စုလိုက်ကြ။ ခုတော့ ဖုန်းတွေနဲ့ပဲ အဆက်အသွယ် လုပ်ဖြစ်တော့သည်။ အသံချင်း တွေ့နေရတော့ တော်သေးတာပေါ့နော်။ တခါတခါ စာပေနဲ့ သက်ဆိုင်တဲ့ ပွဲလေးလမ်းလေး ရှိရင်တော့လည်း တွေ့ဖြစ်ကြပါသည်။ လေးယောက်စလုံး ဆုံတဲ့ပွဲ ဆိုတာတော့ တော်တော်ကြီးကို ရှားသွားခဲ့ပြီ။

အခုလက်ရှိ အခြေအနေက ဘယ်လိုဖြစ်နေသလဲ ဆိုတော့ ဖိတ်စာ မှန်သမျှ ကိုယ်က လက်ခံသူ ဖြစ်နေသည်။ ပြီးတော့ သူတို့ဆီ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူ့ပွဲ ဆိုပြီး ဖုန်းတွေ


mgyoe.com

SAMPLE BOOK

လှမ်းဆက်ပြော။ သွားချင်တဲ့၊ သွားသင့်တဲ့ ပွဲ ဆိုရင် အားလိုက်ကြသည်။ မဟုတ်ရင်တော့ မအားကြဘူးပေါ့။ အသက်ကြီးလာတာနဲ့အမျှ 'လူဝါး တွေကလည်း ဝ' တတ်လာကြပြီမို့လား။ ခုနောက်ပိုင်း ဘာပွဲပဲ ရှိရှိ သူအားရင် သူသွားရင် ပိုအဆင်ပြေသည်။ အဆင်မပြေစရာ အကြောင်း ကလည်း ရှာလို့မတွေ့။ သူ့ကားနဲ့ အသင့်လိုက်သွား။ အသင့်ပြန်လာ ဘာအဆင်မပြေစရာ ရှိလဲ။ ခက်တာက သူ အားဦး သွားဦးမှ။ မဟုတ်ရင် ကားခ ကုန်သည်။

ကဲ... ပြောမိပြောရာ ပြောသာလာတာ။ အခုထိ သူ့အကြောင်း ကို ကောင်းကောင်း မရောက်သေး။ အဲဒါမှ ပြဿနာ...။ ဝရေ... ကိုယ်တို့တွေ ဘယ်တုန်းက စပြီး လူချင်းတွေ့ဖူးတာလဲ။ မှတ်မိလား။ တို့တွေ စာချင်း ဆုံပြီးမှ လူချင်းတွေ့ကြတာကတော့ သေချာပါတယ်။ မဝင့်နဲ့ စတွေ့ကြတာကိုတော့ ကောင်းကောင်းမှတ်မိနေသည်။ လူထု တိုက်ရဲ့အရှေ့ဘက်လမ်း ၈၃ လမ်းပေါ်က ဆရာဝင်းစည်သူရဲ့စာသင်ခန်း လေးထဲမှာပေါ့။

မခင်လေး(ရန်ကုန်တက္ကသိုလ်)ရဲ့ ဦးလေးနဲ့ ကိုယ့်အဒေါ်က အကြောင်းဆက် ပေါင်းဖက်မိကြတာမို့ မခင်လေးနဲ့ တွေ့ကြချိန်မှာ မခင်လေးက မန္တလေးစာပေလောကနဲ့ တော်တော်ကျွမ်းကျွမ်းဝင်ဝင် ရှိနေပြီ။ ဝတ္ထုတိုလေးတွေ နှစ်ပုဒ်လား၊ သုံးပုဒ်လား ပါသေးတဲ့ ကိုယ့် ကိုတော့ ဘယ်သူတွေက သိကြမှာလဲ။ ကိုယ်ကဖြင့် သူတို့အားလုံးရဲ့ စာတွေကို သိပြီး အားလုံးကို ချစ်လိုက်ရတာ၊ အားကျလိုက်ရတာ၊ လေးစားလိုက်ရတာ။

သူတို့တွေ ဘာအတွက် တွေ့ကြတဲ့ပွဲလဲ မမှတ်မိတော့ပေမယ့် တော်တော်ကို လူစုံတဲ့ပွဲလေ။ ဆရာ ဝ.စ.သရဲ့ စာသင်ခုံတွေပေါ်မှာ ထိုင်ရင်း စကားပြောကြတာ ကိုယ် ငေးမော အားကျခဲ့ရတဲ့ ပွဲလေး။


mgyoe.com

mgyoe.com
SAMPLE BOOK


အဲဒီတုန်းက သူ ပါသလား သူ မပါဘူးလား။ သူ မပါဘူးလို့ပဲ ကိုယ် ထင်သည်။

ဟုတ်ပါတယ်... သူ မပါပါဘူး...။ ဒါဖြင့်ရင် နှစ်တနှစ်ရဲ့ သင်္ကြန် အတက်နေ့ နေ့လယ်လူထုတိုက်မှာ ဆရာဆူဗိုနင်နဲ့ တွေ့ကြတဲ့ပွဲ။ ဆရာကြီး မောင်သာရလည်း ပါတယ်။ ဆရာမ မမြင့်မွန်(ရှုပ)လည်း ပါတဲ့ပွဲ။ အဲဒီပွဲမှာများ သူ့ကို ကိုယ် စတွေ့ဖူးခဲ့တာလား။ ဒါလည်း မဟုတ်သေးဘူးလို့ပဲ ခံစားရသည်။ တကယ်လည်း မပါဘူးမို့လား။

ဒါဖြင့်ရင် လူထုတိုက်မှာ မမမိုးနဲ့ ကိုယ်တို့အားလုံး တွေ့ကြတဲ့ ပွဲ။ စိတ်တော့ မဆိုးနဲ့။ ကိုယ် တကယ်ကို မမှတ်မိတာပါ။ ခေါင်းထဲမှာ မှတ်မှတ်ရရ ရှိနေတာကတော့ သူ့ရဲ့ 'တဲအပ်ချည် တွဲသီတဲ့ ချုပ်ရိုး' ဆိုတဲ့ ဝတ္ထုလေးနဲ့ (တိုလား ရှည်လားတောင် မသိတော့ပါ) ကိုယ်ရဲ့ (ခေါင်းစဉ် မမှတ်မိ-ပြန်ရှာဖို့လည်း ပျင်းတဲ့) ဝတ္ထုလေး မဟေသီမဂ္ဂဇင်းမှာ တလ တည်း အတူတူ ပါခဲ့ဖူးတာကိုပဲ။ အဲဒီတုန်းက ဝမ်းသာလိုက်တာများ ပြောမနေနဲ့တော့။ သူလည်း ကိုယ့်ဝတ္ထုကို ဖတ်မိမှာပဲ ဆိုပြီးတော့လေ။

အဲဒီအချိန်အထိ လူချင်း မတွေ့ရသေးဘူးလား။ တွေ့ဖူးပြီး ကြပြီလား။ ဒါကိုလည်း မမှတ်မိတော့ပါ။ အဲဒီအချိန်တွေတုန်းက မန္တလေးက ဘယ်သူတွေနဲ့ အတူတူ စာမျက်နှာတွေပေါ်မှာ တွဲပါပါ ကိုယ် အပျော်ကြီး ပျော်ခဲ့ရတဲ့ နေ့စွဲတွေမို့ သူနဲ့ အဲလိုပါတာကို ပျော်ပြီး မှတ်မိနေတာ။ ကိုယ့်စာပေဘဝလေးက အဲဒီလို စခဲ့ရတာပါ။

ဘာဖြစ်လို့များ ကိုယ့်အဖေက ဆရာကြီး မဟာဆွေနဲ့ ညီ အစ်ကို မတော်ခဲ့တာလဲ။ အဲဒီတော့ သူ့လို ဆရာမကြီး ဒေါ်ခင်ဆွေဦး ညီမရယ်လို့ မျက်နှာမပွင့်ဘူးပေါ့။ သူ့ကြောင့်ပဲ 'မေဦး' ရယ်လို့ ကိုယ်တို့ အားလုံး တရင်းတနှီး အနားကို ကပ်ခွင့်ရခဲ့တာတော့ သေချာသည်။ သူ့အဖေနဲ့ ကိုယ့်အဖေက ဦးစိန်မောင်နဲ့ ဦးကြည်မောင် ဆိုတော့


mgyoe.com

ညီအစ်ကိုလို့တော့ ပြောလို့ရသား။ ကိုယ့်ကို ချစ်ခင်ပုံရတဲ့ သူ့အဖေက ဘုရားကြီး လာဖူးတိုင်း ဆိုင်မှာ ကိုယ့်ကို မတွေ့ရင် အိမ်လိုက်လာနေကျ။

အဲဒီတော့ အဖေနှစ်ယောက်ကလည်း တရားဓမ္မအကြောင်း ဆွေးနွေးနေကျ။ လမ်းကြောင်းတူတော့ မောင် နှစ်မောင် ခင်မင်ရင်းနှီး ကြတာ မထူးဆန်းတော့ဘူးပေ့ါ။ အပြင် သိပ်ထွက်ပုံ မရတဲ့ သူ့အမေ ကိုတော့ ကိုယ် နန်းရှေ့အိမ် ရောက်မှပဲ တွေ့ရသည်။ အမြဲတမ်း ပြုံးနေတဲ့ သူ့အမေရဲ့ မျက်နှာချိုချိုကိုလည်း ကိုယ်ကဖြင့် အမြဲ သတိရနေတာပါ။ လောကကြီးထဲက အစောကြီး ထွက်သွားတာကိုလည်း သတိရတိုင်း စိတ်မကောင်း ဖြစ်ရသည်။ သူနဲ့ သူ့ညီမလေးတွေနဲ့ ထပ်တူထပ်မျှ။

သူ့ဘဝမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကိုလည်း သူ မှန်ကန်တိကျစွာ ဆုံးဖြတ်နိုင်ခဲ့သည်။ သူသာ အစိုးရဝန်ထမ်း ကျောင်း ဆရာမလေးဘဝကိုသာ အသေ ဖက်တွယ်ထားမယ် ဆိုရင် အခု အနေ အထားလောက် အဆင်ပြေပါ့မလား။ ဘယ်လိုပဲ လူတွေဟာ ကံစီမံတဲ့ အတိုင်း ဖြစ်တယ် ဆိုဦးတော့ ကံဆိုတာ အလုပ်ပဲမို့ အဲဒီဆုံးဖြတ်ချက်ကို သူပဲ လုပ်ခဲ့တာလေ။

အဲဒါကြောင့်လည်း နာမည်ရ ကိုယ်ပိုင်ကျောင်းကြီးတကျောင်း က သူ့ကို လာကမ်းလှမ်းချိန်မှာ သူ လက်ခံခဲ့တာပဲပေ့ါ။ သူသာ သာမန် ကျောင်းဆရာမလေးတယောက် ဆိုရင်ကော။ စာရေးဆရာမလေး တယောက် အနေနဲ့ ရလိုက်တဲ့ အခွင့်အရေးလို့ပဲ ထင်သည်။

အဲဒီကျောင်းကြီးမှာ ဝင်လုပ်ပြီး သုံးလေးနှစ်လောက် အကြာ မှာလား။ သိပ်တော့ မမှတ်မိ။ အဲဒီအချိန်မှာ စပြီး သူ့အဖေ ကျန်းမာရေး မကောင်းတော့ပါ။ အသက်အရွယ်ကလည်း သက်ကြီးပိုင်းထဲ ဝင်လာပြီ ဆိုတော့ သူ့အဖေဟာ အိမ်နဲ့ ဆေးရုံ ကူးချည်သန်းချည် လုပ်နေရတဲ့ အချိန်။ သူ့အဖေကို အချိန်ပြည့် ပြုစုစောင့်ရှောက်ဖို့ ဆိုပြီး သူလုပ်နေတဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်ပိုင်ကျောင်းကြီးကလည်း နားလိုက်ပြန်သည်။ အဲဒီကျောင်းအုပ်ဆရာမကြီးနဲ့ ကိုယ် ရင်းနှီးခင်မင်ခဲ့တာလည်း သူနဲ့ နွှယ်ပြီးတော့ ရင်းနှီးခဲ့ရတာလေ။ ကိုယ်ကတော့ တကယ့်ကို ရိုးရိုးသားသား။ တကယ်လည်း သူ့အဖေ ကျန်းမာရေး မကောင်းတာ သိနေတော့ -

"သူ့အဖေကို ပြုစုရင်း စာရေးမယ် ပြောတာပဲ"

လို့ ပြောတဲ့ ကိုယ့်ကို မမ ဆရာမကြီးက -

"အမယ်လေး ရှင့်သူငယ်ချင်းကို ရှင် စောင့်ကြည့်လိုက်ပါ။ သိပ်မကြာခင် ရှင် သိမှာပေါ့။ ကျွန်မကတော့ သိပြီးသား"

မြွေမြွေချင်း ခြေမြင်တယ် ဆိုတာ ဒါမျိုးကို ပြောတာများလား။ တကယ်ပဲ များမကြာမီမှာ သူ အခြားတနေရာ နာမည်ကြီး ကိုယ်ပိုင်ကျောင်းကြီးဆီ ရောက်သွားခဲ့တာ အခုအချိန်အထိ ဆိုတော့ နှစ်တွေတောင် မနည်းတော့ဘူးလေ။ အခုကတော့ သူ အငြိမ်ပေါ့။

အေးပေါ့လေ...၊ အဆင်မပြေတော့ဘူးလို့ ခံစားရတဲ့ နေရာတခုမှာ ကုတ်ကတ်တွယ်ဖက်နေဖို့ ဆိုတာ တဖက်မှာ အမျှော်အမြင်မရှိဘူး ဆိုရင်တော့လည်း တမျိုးပေါ့။ မသေချာသေးတဲ့ ကိစ္စတခုမို့ သူ ကိုယ့်ကို မပြောပြခဲ့တာပဲ ဖြစ်မည်။

တကယ်တော့ အဲဒီကာလတွေက သူ့အဖေ ကျန်းမာရေးကြောင့် သူ့ဆီကို ကိုယ် အရောက်အပေါက် စိပ်ခဲ့ချိန်တွေ မဟုတ်လား။

သူ့အဖေ တော်တော်ကြီးကို ကံကောင်းပါသည်။ သူ့ရဲ့ အစစအရာရာ အဆင်ပြေ အောင်မြင်မှုတွေကို မြင်တွေ့သွားရသည်။ ခံစားစံစား သွားရသည်။ သူ့အမေသာ စောစောပိုင်းကပဲ သွားနှင့်သူ ဆိုတော့...။

ကိုယ်တို့တွေ မိုးမိုး(အင်းလျား)အမှတ်တရ ဝတ္ထုတို ပြိုင်ပွဲ ဝင်ပြိုင်ကြချိန်မှာ သူ ဝင်မပြိုင်ခဲ့ပါ။


mgyoe.com

mgyoe.com SAMPLE BOOK


"အနုပညာ ဆိုတာ ပြိုင်စရာလားဟယ်။ သူလဲ သူ့အနုပညာနဲ့သူ ကိုယ်လဲ ကိုယ့်အနုပညာနဲ့ ကိုယ်။ အဲဒါကြောင့်ပါ။ မမမိုးကိုတို့လဲ ချစ်တာပေါ့" တဲ့။

သူက အဲဒီနောက်တော့'မြတ်မိခင်စာပေဆု' ဝင်ပြိုင်ခဲ့သည်။ 'ခြင်းလုံးကလေးရဲ့မိုးကောင်းကင်' ဆိုတဲ့ လုံးချင်းဝတ္ထုလေးနဲ့ ပထမဆု ရခဲ့သည်။ ပွဲဦးထွက် အောင်မြင်မှုပေါ့။

"တို့မေမေ့ကြောင့် ပြိုင်တာပါ။ မေမေ့အတွက် ဆေးကုစရိတ် လုံလောက်ချင်တယ်ဟယ်။ ဘယ်သူ့ဆီကမှလည်း အကူအညီ မတောင်းချင်ဘူး" တဲ့လား။

ဟုတ်မှာပါ။ အဲဒီ အမေ့အတွက် ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပဲ ဆုရခဲ့တာလို့ သူ ပြောခဲ့တာကို ကိုယ် လက်ခံသည်။ အဲဒီတုန်းက စိုးအောင်(မန္တလေး)ရဲ့'အစိမ်းရောင် ကြေကွဲစများ' နဲ့ သူ့ဝတ္ထု အကြိတ်အနယ် ဖြစ်ခဲ့ကြတာ ကိုယ်တို့အားလုံး အသိပဲ။ ကိုယ်ကတော့ အဲဒီ နှစ်ယောက်လုံးနဲ့ အရင်းဆုံး အချစ်ဆုံးတွေမို့ သူ့အတွက် ဝမ်းသာခဲ့ရသလို စိုးအောင် (မန္တလေး)အတွက်လည်း စိတ်မကောင်း ဖြစ်ခဲ့ရသည်။ အမေကို လုပ်ကျွေးနေကြတာချင်း အတူတူပေမယ့် ကံတရားက ကွဲသွားကြတာကိုး။

'သူက ပေါ်လစီ ပါတယ်ဟ။ ငါကမှ ရသစစ်စစ်' ဆိုတဲ့ ကိုစိုးအောင်ရဲ့ ပြောစကားကိုတော့ သူ့ကို ပြန်ပြောမနေတော့ပါ။ နှစ်ယောက်သားရဲ့ အစေးကပ်မှုလေး ပြန်ကွာသွားမှဖြင့်။ တော်တော် စောစောပိုင်းက ဆိုရင် သူတို့နှစ်ယောက်က သိပ်တည့်ကြတာမဟုတ်။ အကြောင်းအရာလည်း မယ်မယ်ရရ မရှိဘဲနဲ့။ နောက်တော့လည်း သူတို့ ချစ်ခင်တဲ့ ကိုယ့်ကို ဘုံထားပြီး ပြေလည်ချစ်ခင်သွားကြတော့ ကိုယ် ဝမ်းသာတာပေါ့။ စိုးအောင်(မန္တလေး)လိုပဲ လူရိုးလူဖြောင့် လူမှန်


mgyoe.com

mgyoe.com
SAMPLE BOOK


တယောက်ဖြစ်တဲ့ စိုးဘားဒိုင်နဲ့ပါ တွဲမိသွားကြတော့ ပိုပြီး မြိုင်ဆိုင်သွားတာပေါ့လေ။ ကိုယ် မပါ သူတို့သုံးယောက်သား အပြိုင်အဆိုင် စာရေးပြီး ကြွားကြတာများ အမြင်တောင် ကတ်သည်။ တကယ်လည်း သူတို့ဟာ တလတည်းမှာ နှစ်ပုဒ်ပါတဲ့သူနဲ့၊ သုံးပုဒ်ပါတဲ့သူနဲ့။ တခါတခါများ လေးငါးပုဒ်တောင် ပါကြတာမို့ ကိုယ် သူတို့ကို အမြင်ကတ်တာ လွန်ပါသလား။ မမျှော်လင့်စွာ စိုးအောင်(မန္တလေး) လောကကြီးထဲက ထွက်ခွာသွားချိန်မှာ ရေးအားကောင်းကောင်းနဲ့ ကျန်ခဲ့တာ သူနဲ့စိုးဘားဒိုင်။

ရေးအားကောင်းတာလည်း မပြောနဲ့။ စာရေးခြင်းကို အလုပ်တခုရယ်လို့ ခံယူထားကြသူတွေ မဟုတ်လားလေ။ စိုးဘားဒိုင်ကိုတောင် သူက ဘွဲ့တခု အပ်နှင်းထားသေးသည်။ 'ရသ စက်ရုံမှူးကြီး' တဲ့။ သူလည်း အတူတူပဲကို....။ တကယ်တော့ အနုပညာနယ်ပယ်မှာ ရုပ်ရှင်၊ သဘင်၊ ဂီတတွင်မှမဟုတ် စာပေနယ်မှာလည်း 'စန်း' တခု ရှိဖို့ လိုအပ်သည်။ စာရေးကြသူချင်း အတူတူ အဲဒီစန်းက စာရေးဆရာ ဆရာမတိုင်းမှာ မရှိတတ်ပါ။ သူ့မှာတော့ အဲဒီ စာပေစန်းလည်း ရှိနေသည်။

စာရေးဆရာတဦးအတွက် ရေးသမျှ စာအုပ်ဖြစ်ဖို့ ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာဘဲ။ သူ့အတွက်တော့ လွယ်လိုက်တာ။ ဟောတအုပ် ဟောတအုပ် ထုတ်ဝေသူတွေ ထုတ်ပေးတာရော၊ ထူထောင်ထားတဲ့ သူ့စာပေတိုက်က ထုတ်တာတွေရော။ ရေးသမျှ စာအုပ်ဖြစ်တဲ့ သူရဲ့ ကုသိုလ်ကံနဲ့ စန်းကိုတော့ ကိုယ်လည်း လိုက်မမီပါ။ ယှဉ်ဖို့လည်း စိတ်ကူးမရှိပါ။ သူ့ဘာသာသူ တယောက်တည်း စာတွေ အများကြီး ရေးနေပါစေတော့။ စာအုပ်တွေ အများကြီး ဖြစ်ပါစေတော့။

ဒါဟာ သူငယ်ချင်းကောင်းတယောက် စာပေအစ်မတယောက်ရဲ့ စိတ်ရင်းအမှန်ပါပဲ။ (နောက်ထပ် ကိုယ့်ကို စာ မရေးခိုင်းအောင် ကြို ပြောထားတာ သဘောပေါက်တယ်နော်...)။


mgyoe.com

m.gyoe.com SAMPLE BOOK

သူ့ကောင်းမှုကြောင့်ပဲ ကိုယ်ဟာ ရုပ်ရှင်မင်းသမီးကြီး အမေ ဒေါ်မေရှင်ကိုလည်း ကန်တော့ခွင့် ကြုံခဲ့ရသည်။ ကိုယ့်လိုသာ ဆိုရင်တော့ အမေ ဒေါ်မေရှင်နဲ့ အဝေးကြီးပေါ့။ ဒေါ်မေရှင်ကို နှစ်သက်ခဲ့တဲ့ ကိုယ့် အဖေကြောင့် အစိမ်းသက်သက်တော့ မဟုတ်ခဲ့ပါ။ သူကတော့ အမေ ဒေါ်မေရှင်နဲ့ တကယ့်ကို လက်ပွန်းတတီး နေခဲ့ရတာ 'ပန်း တပွင့်ရဲ့ ရင်ခုန်သံ' ကို ဖန်တီးဖို့ပေါ့။

သူ ဘယ်လောက်တောင် ကံကောင်းခဲ့သလဲ။ အဲဒီစာအုပ် ကလည်း ဆရာဝန်တင်ရွှေစာပေဆု ရသွားခဲ့သည်။ အမေ ဒေါ်မေရှင် အကြောင်းမှ မဟုတ်။ သူရေးသမျှ လုံးချင်းစာအုပ်တိုင်းအတွက် သူ အံမြဲ ကွင်းဆင်းရသည်။ ဇာတ်ကောင်တွေ မွေးဖွားဖို့ တဦးချင်းစီ လိုက်တွေ့ မေး၊ မှတ်စုတွေ ထုတ်၊ အသံတွေ သွင်း၊ ပြီးတော့ လုံးချင်းဝတ္ထု အရှည် ကြီးတွေ ရေး။ သူမို့ မပျင်းမရိ။ စိုးဘားဒိုင်လို လုံးချင်းဝတ္ထု အထူကြီး တွေကိုရော ရေးဖို့စိတ်ကူး ရှိနေသလား။ ရေးတောင် ရေးနေပြီလား မသိ။ ဖတ်ရတာ မပြီးနိုင် မစီးနိုင်မို့ အဲလောက်ကြီးတော့ မလုပ်နဲ့ဟာ။

စာပေနယ်ထဲ ရောက်ခါစက ကိုယ့်ကို သူ့စာအုပ်တွေ အများကြီး ပေးပြီး ဖတ်ခိုင်းခဲ့သည်။ (ဘယ်သူကမှ သူ့ကို ငှားပါလို့ မပြော ခဲ့ဘဲနဲ့) ဝတ္ထုအတို ရေးနည်းတွေရော၊ ဝတ္ထုအရှည် ရေးနည်းတွေရော၊ ဘာသာပြန်စာအုပ်တွေရော တထပ်ကြီးပဲ ကိုယ်သာ အဲဒီစာအုပ်တွေ အကုန်လုံးကို ဖတ်ခဲ့မှတ်ခဲ့မယ် ဆိုရင် ကိုယ်ဟာ အခုအချိန်မှာ သူ့လောက်နီးနီးတော့ တော်နေလောက်ပြီပေါ့။ လက်ထဲမှာ ကာလတခု အထိ ကိုင်ထားပြီးမှ သူ့ကို ပြန်ပေးတဲ့ အချိန်မှာ သူကတော့ ကိုယ် အားလုံး ဖတ်ပြီးခဲ့ပြီလို့ ထင်ခဲ့မှာပဲ။ ပြောမနာဆိုမနာ ချစ်ခင်သွားကြ တော့မှ သူ့စာအုပ်တွေ ကိုယ် တလုံးမှ မဖတ်ခဲ့မှန်း သူသိသွားကာ ရယ်ပါလေရောလား။


m.gyoe.com

mgyoe.com
SAMPLE BOOK


သူကတော့ နွေရာသီရောက်လို့ ကျောင်းတွေပိတ်တဲ့အချိန် သူ့ရဲ့ အားရက် နားရက်တွေမှာ စာတွေ အများကြီး ဖတ်တာတဲ့။ ဒီနှစ်နွေမှာ ဆရာကြီး မြသန်းတင့်ဆို ဒီနှစ်နွေမှာ ဆရာကြီး ဒဂုန်တာရာ၊ ဆရာကြီး မောင်သာရ၊ ဆရာမကြီး ဒေါ်ခင်နှင်းယု၊ ဆရာမကြီး ဒေါ်ခင်ဆွေဦး၊ ဆရာမ မိုးမိုး(အင်းလျား) စသည် စသည် series လိုက် ဖတ်တာတဲ့လေ။ စာအုပ်တွေ အများကြီးရှိတဲ့ သူ့မှာ စာရေးဆရာမ တယောက်ရဲ့ ဂုဏ်အင်္ဂါနဲ့ လိုက်ဖက်ညီနေတာ အံ့ဩဖွယ်ရာတော့ မဟုတ်ပါ။

စာရေးဆရာမတယောက်ဟာ စာအုပ်တွေလည်း အများကြီး ဝယ်ရတာပဲလား။ သူ စာအုပ်တွေ ဝယ်တာ ကိုယ် ခဏခဏ တွေ့ဖူးသည်။ ကျောင်းသင်ခန်းစာနဲ့ ဆိုင်တဲ့ စာအုပ်တွေရော၊ အခြား သုတ ရသ စာအုပ်တွေရော ဝယ်လိုက်တဲ့ အဝယ် ဆိုတာ အဲဒါတွေ သူ အကုန်လုံး ဖတ်ရဲ့လားလို့ မယုံ့တယုံ တွေးကြည့်မိတဲ့အထိ။

'ဖတ်ပါတယ်ဟယ်' လို့ ပြောဦးမှာလား။

"တို့ကတော့ အဲလောက် စာတွေ ဖတ်စရာ မလိုပေါင်။ ပါရမီရှင် ပေါ့ဟာ။ Genious သိတယ်မို့လား"

ကြုံတိုင်း အဲလိုပြောနေကျ ကိုယ့်ကိုလည်း သူက -

"ဟုတ်ပါတယ် ဟုတ်ပါတယ် ပါရမီရှင်ကြီးရယ်။ တို့က ပါရမီရှင် မဟုတ်တော့လဲ စာတွေ အများကြီး ဖတ်ရ မှတ်ရတာပေါ့" တဲ့။

သူနဲ့ကိုယ် မတူကွဲပြားတဲ့ အချက်တွေမှာ အဲဒီ စာရေး၊ စာဖတ်ခြင်းလည်း ပါသည်။ ကိုယ်က သူ့လိုလည်း တကယ်ပဲ မရေးဘူး မဖတ်ဘူး။ သူနဲ့ကိုယ်က တကယ်တော့ အကြီးစား ဆန့်ကျင်ဘက်ပဲ။ သွားတာ လာတာ၊ နေတာ ထိုင်တာ ဝတ်တာ စားတာ ပြောတာ ဆိုတာ အားလုံး ဘာဆိုဘာမှ မတူတာ စာပေအပေါ်မှာ ထားတဲ့ စိတ်ဓာတ်က


mgyoe.com

m g y o e . c o m
SAMPLE BOOK


အစ လုံး၀ ကွဲထွက်နေတာ။ စာပေမာနကလည်း သူ့မှာ အပြည့်။ စာရေးဆရာတယောက်ရဲ့ တန်ဖိုးနဲ့ ရှိသင့်တဲ့ စာပေမာနကို ကိုယ်ဖြင့် သူပြောစကားတွေထဲကပဲ နားလည်သဘောပေါက်မိတော့သည်။ ဒါဖြင့် ကိုယ့်မှာ အဲဒါတွေ ရှိပြီလား ဆိုရင်တော့ 'ဟော့အေး' ပဲပေါ့။ ကောင်းပါတယ်။ သူ့မှုနဲ့ သူ ကိုယ့်မှုနဲ့ ကိုယ်။

တူတာလေး ထုတ်ပြရရင်တော့ စာပေအပေါ်မှာ ချစ်မြတ်နိုးမှုနဲ့ သူနဲ့ကိုယ်က အပြန်အလှန် ချစ်ခင်လေးစားမှုပါပဲ။ အဲဒါကြောင့်များလား။ သူနဲ့ကိုယ်ကြားမှာ ပြဿနာကြီးငယ် မဖြစ်ခဲ့ဖူးဘူးလေ။ မေ့သွားလို့၊ အသေးစားပြဿနာတခု ဖြစ်ခဲ့ဖူးတာကလည်း ပြဿနာ အစ သူက လုပ်ခဲ့တာမှ မဟုတ်တာလေ။ ဘ၀မှာ ကိုယ် အကူအညီ တောင်းခဲ့တာကို အသည်းအသန် ငြင်းဆန်ခဲ့ဖူးတဲ့ အကြောင်းလေးကလည်း ထည့် မပြောရင် မပြည့်စုံဘူးမို့လား။

ဟောဒီမြို့ကြီးရဲ့ အထင်ကရ နာမည်ကြီး အစိုးရအထက်တန်းကျောင်းကြီးတကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီးက သူ အရင်လုပ်ခဲ့ဖူးတဲ့ အ.ထ.ကကျောင်းက သူ့ရဲ့ကျောင်းအုပ် ဆရာမကြီးလေ။ ကိုယ့်တူ အကြီးကောင်ကို ကျောင်းအပ်ဖို့ အဲဒီကျောင်းမှ အဲဒီကျောင်း ဖြစ်နေတာမို့ သူ့ကို အကူအညီ တောင်းခဲ့မိသည်။ အငြင်းခံရမယ်လို့ လုံး၀ ထင်မထားးစွာနဲ့ပေါ့။

သူပြောသလိုပါပဲ။ အဲဒီခေတ် အဲဒီအခါက ကျောင်းသားသစ် တယောက် ငွေဘယ်လောက် ဆိုတာနဲ့ လက်ခံနေချိန်မှာ သူ ကျောင်းသား တယောက် အပ်ပေးလိုက်ရင် ကျောင်းအုပ်ဆရာမကြီးက ငွေလည်း ယူမှာမဟုတ်သလို ကျောင်းသားလက်ခံမှာလည်း မဟုတ်ဘူးတဲ့။ အဲဒါကြောင့် သူ မလုပ်ပေးနိုင်ဘူး ဆိုမှတော့ ကိုယ် ဘာများ တတ်နိုင်ဦးမှာလဲ။ ထင်မှတ်မထားတဲ့ ငြင်းပယ်မှုကြောင့် ကိုယ့်ခံစားချက်ကို ဘယ်လို


m g y o e . c o m

mgyoe.com
SAMPLE BOOK


ပြောရမှန်းတောင် မသိ။ လုပ်မပေးရကောင်းလားလို့ စိတ်ဆိုးဒေါသထွက်တာ မဟုတ်တာတော့ သေချာပါသည်။ ပြတ်သားရက်လေခြင်းလို့ပဲ။ 'တခြားလမ်းကြောင်းက ဝင်လိုက်ပါဟယ် ရမှာပါ' ဆိုတဲ့ နှစ်သိမ့်စကားလေးအတိုင်း အရန်လမ်းကြောင်းက ဝင်လိုက်တော့လည်း ကိုယ်တောင် ပါစရာမလို။ ချောလို့မောလို့။

တခါလေး မရဘူးတဲ့ အကူအညီလေးတစ်ခုကို အခုလိုပြောရတာ မကောင်းမှန်းသိသိကြီးနဲ့ ထည့်ပြောလိုက်ပြီ။ လွန်ခဲ့သောအနှစ်နှစ်ဆယ်လောက်က ကိစ္စမို့ ကိုယ့်လိုပဲ သူလည်း ဘာခံစားချက်မှရှိမှာမဟုတ်တော့ပါဘူးလေ။ ဒါမှမဟုတ် နောက်ပိုင်း ကိုယ့်လိုအပ်ချက်ဟူသမျှ အကုန် မငြင်းမဆန် လုပ်ပေးခဲ့တာ အဲဒီတခါလေး ငြင်းခဲ့ဖူးတဲ့အတွက် အတိုးနဲ့ လုပ်ပေးနေတာများလား။ အခုလက်ရှိ သူရှိနေတဲ့ကျောင်းကြီးကလည်း ဒီမြို့ကြီးမှာ နာမည်အကြီးဆုံး ကျောင်း။ အပ်ရအခက်ဆုံး ကိုယ်ပိုင် အထက်တန်းကျောင်းကြီး တခုပဲလေ။ ပိုက်ဆံတွေအများကြီး ပေးအပ်ရလို့ လွယ်လွယ်ထင်ရင်တော့ မှားသွားမှာပါ။ သူနဲ့ကိုယ့်ရဲ့ ဆက်ဆံရေးကို သိနေကြတဲ့ ကိုယ့်ပတ်ဝန်းကျင်က ကလေးမိဘတွေဟာ ကိုယ့်ကို ကျောင်းအပ်ခိုင်းကြတာမှ လေးငါးဦးမက။ သူ့ကိုကိုယ် အရှမ်းမပြောရဲတော့ပါ။ ငြင်းပယ်မှာလည်း စိုးမိပါတယ်ပေါ့လေ။

"သူက သင်ကြားရေးသက်သက်ပဲ။ အုပ်ချုပ်ရေးပိုင်းမှာ မပါဘူး ဘာဘူး ညာဘူး လုပ်ရတော့တာပေါ့"

လသားအရွယ်လေးမှာ ကျန်းမာရေးမကောင်းလို့ ငွေငါးထောင်နဲ့ကိုယ် ဝယ်ပြီး မွေးစားထားတဲ့ သားလေးကိုတော့ ကိုယ် ဘယ်လိုမျက်နှာလွှဲနေနိုင်ပါ့မလဲ။ သူလည်း မဖြစ်မနေ လုပ်ပေးခဲ့ရတာပဲလေ။ ဘာတတ်နိုင်သေးလဲ... ကဲ။ အဲဒီညီအစ်ကိုနှစ်ဦးအပြင် နောက်ထပ် သူတို့ရဲ့ညီလေးတဝမ်းကွဲကိုလည်း သူပဲ လုပ်ပေးခဲ့ရတာ။ နောက်ဆုံးကလေးလေးဆို


mgyoe.com

mgyoe.com

SAMPLE BOOK


သူ့မိဘတွေက နည်းမျိုးစုံနဲ့ ဝင်ပြီးသား။ မရတော့မှ ကိုယ့်ကို အပူကပ်တော့မှ ကိုယ်လည်း သူ့ကို နားပူနားဆာ တိုက်ရတော့တာပဲ။ သူရဲ့ လမ်းညွှန်မှုနဲ့ ကိုယ်တိုင်လှုပ်ရှားရတာမို့ ကလေးတယောက် ကျောင်းအပ်ရတာ အဲဒီလောက်တောင် ခက်ခဲမှန်း ကောင်းကောင်းသိသွားခဲ့တာမို့။

"အေးပါဟယ်၊ နောက်ဆို ငါ ဘယ်ကလေးမှ ကျောင်းမအပ်နိုင်းတော့ဘူး။ ကတိပေးတယ်"

အဲဒီစကားလေးနဲ့ သူ့ကို ကျေးဇူးဆပ်ခဲ့ပါသည်။ မကောင်းဘူးလား။ နောက်လေးငါးနှစ်နေလို့ ကိုယ့်မြေးကို ကျောင်းအပ်ချင်မှပဲ သူ့ကို ပြန်ပြီး မျက်နှာချို သွေးရတော့မည်။ မတတ်နိုင်ဘူး။ အဲဒီတော့မှ သူ့ကို ကောင်းကောင်း ကျေးဇူးတုန့်ပြန်ရမယ်။ ခုတော့ 'ဒီမယ်နော် ကလေးမိဘတွေကို ကျုပ်ဆီလဲ ခေါ်မလာနဲ့ ကြားထဲကလဲ လက်ခံမလာနဲ့' ဆိုတော့ ပြီးပြီပေါ့။ သူ့အကြောင်း သိနေတော့ ဖွတ်လည်း မတိုးချင်လို့ပါ။ မထင်ရင် မထင်သလို ပြောလိုက်မှာကို စိုးတာလည်း တကြောင်းပေါ့လေ။

ကိုယ့်ကို သူ တခါမှတော့ မချေမငံ မဆက်ဆံဖူးခဲ့ပါ။ သူ့ထက် အသက်နှစ်နှစ်လောက် ပိုကြီးတဲ့ ကိုယ့်ရဲ့ အားသာချက်ကြောင့်များလား။ အကြီးဖြစ်ရတာ တခုတော့ ကောင်းသည်။ အငယ်တွေကို ကြိုက်သလို ပြောနိုင်ဆိုနိုင်သည်။ ကိုယ့်ထက် အကြီးတွေနဲ့ဆို ကိုယ်ကပဲ ရိုကျိုးနေရတာမို့ အငယ်တွေနဲ့ တွေ့ရင် လူကြီးလုပ်ချင်တာ သဘာဝကျပါသည်။ စာပေနယ်မှာ အစ်ကိုကြီးများနဲ့ တွေ့ရင် ရိုသေလေးစားနေရသလောက် အငယ်တွေနဲ့ဆို သူရော ကိုယ်ရော ဆရာမကြီးတွေ ဆိုပြီး ပြောမနာဆိုမနာ ဆက်ဆံကြတာလေ။ ဥပမာ စိုးဘားဒိုင်၊ သျှိုင်းရဲဝံ့၊ မိုသျှန်းတို့ရဲသျှမ်းတို့ပေါ့။ သူက ပိုဆိုးသည်။ သူနဲ့ မတိမ်းမယိမ်းတွေကိုတောင် သားရေ သမီးရေ လုပ်နေတာ အမြင်ကတ်တာမို့ 'သူကတော့ နင့်ထက်တောင် ကြီးချင် ကြီးမှာပါဟယ်' လို့ တားယူရရော။


mgyoe.com

mgyoe.com
SAMPLE BOOK


သူနဲ့ကိုယ် အသက်မွေးဝမ်းကြောင်းပညာ ကွာတာလည်းပါမည်။ ကျောင်းဆရာမတဦးနဲ့ ဈေးသည်တဦးရဲ့ life ဟာ ဘယ်လိုမှ မတူနိုင်ဘူးမို့ သူ သားရေ သမီးရေ လုပ်နေချိန်မှာ ကိုယ်ကတော့ ဘယ်လိုမှ နှုတ်မရဲခဲ့။ အဲဒီတော့ သူ့ကို လူငယ်ပိုင်းက ပိုပြီး ချစ်ကြခင်ကြတာ ဘာ မနာလိုစရာ ရှိလဲ။ သူ့လို နှုတ်ချိုလက်ဖွာ သူကို ချစ်သူတွေ ဝိုင်းဝိုင်းလည်နေပါစေတော့။ အကြောပေးထားပါတယ်။

သူ့အကြောင်းပြချက်ကတော့ 'အဲလို ခေါ်လိုက်တော့ တို့ကို လူရိုနိုတာပေ့ါဟယ်၊ လေးစားတာပေါ့' တဲ့။ ဒါလည်း ဟုတ်တာပဲ။ ကျောင်းဆရာမတဦးပီပီ နယ်ပယ်အစုံ အသီးသီးမှာ တပည့်တပန်းတွေကလည်း အများကြီး။

သူက ကူညီလိုက်ရသလို သူ့ကို ကူညီတဲ့ သူတွေလည်း အများကြီးပဲမို့ တခါတခါ သူ့ရဲ့ဘဝပေး အခြေအနေကို အားကျမိသည်။ ပညာရေးနယ်ပယ်မှာ စာရေးဆရာမတဦးအနေနဲ့ မျက်နှာ ပွင့်လန်းသလို စာပေနယ်မှာလည်း ကျောင်းဆရာမ ဆိုတဲ့ ဂုဏ်ရှိန်နဲ့ တင့်တယ်နေတာပဲလေ။ သူ့ကို တွေ့ရမြင်ရတာတော့ သူဟာ စာရေးဆရာမဘဝကို မြတ်နိုးခုံမင်သလို ကျောင်းဆရာမဘဝကိုလည်း နှစ်ခြိုက်ကြည်မွေ့နေတဲ့ပုံ။ ဘယ်ဘဝကို ပိုပြီး ခင်တွယ်နှစ်သက်သလဲလို့တော့ တခါမှ မေးမကြည့်ခဲ့ဖူးပါ။ ဘဝနှစ်ခုစလုံးမှာ နာမည်တလုံးတည်းနဲ့ လူသိထင်ရှား ဖြစ်နေတာ သူလို့ ပြောရင် ဝင်ငြင်းတဲ့သူ ရှိမှာ မဟုတ်တာတော့ သေချာသလောက်ပါပဲ။ နှုတ်ချို လက်ဖွာသူ တဦးမို့လေ။

သူ နှုတ်ချိုတာ သဘောကျစရာ ကောင်းပေမယ့် လက်ဖွာတာကိုတော့ ကိုယ် တကယ်ပဲ လက်လန်ပါသည်။ သူ အိမ်လာတဲ့ အခါတိုင်း အထုပ်ကြီး အထုပ်ငယ် အသွယ်သွယ်နဲ့မို့ ကိုယ့်အဖေကတောင် တားခဲ့ရတာ။ အဖေက ငွေသုံးကြမ်းတာ မကြိုက်။


mgyoe.com

"ငါတို့လဲ အများကြီး စားနိုင်တာ မဟုတ်ဘူး။ အဲလောက် အများကြီး လုပ်မလာနဲ့။ ပိုက်ဆံတွေ နည်းမှာမဟုတ်ဘူး"

အဖေ့ကို ထောက်ခံသူက အမေ။

"ဟုတ်ပ... အဲလောက်အများကြီး ယူ ယူမလာနဲ့"

"အမေတို့ ဘာဘတို့ကို စားစေချင်လို့ပါ"

ဆိုတဲ့ သူ့အနားကို ကပ်ပြီး တိုးတိုးလေး -

"မပူနဲ့... ငါတို့စားမှာ"

လို့ ပြောတော့ သူက ထုံးစံအတိုင်း ရယ်နေတာပေါ့။

သူလာရင် တူလေးတွေကအစ ပျော်နေကြတာ သူလည်း သိပါသည်။ တကယ်တော့ သူ အဲဒီလို အသုံးအစွဲ ဖွာလန်ကြဲတာ ကိုတော့ ကိုယ်လည်း မကြိုက်ပါ။ သုံးနိုင်ဖြုန်းနိုင်တယ် ဆိုတာ ကောင်း တယ် ဆိုပေမယ့်လည်း အလဟဿ မဖြစ်စေချင်တာ သူ အသိဆုံး ဖြစ်မှာပါ။ လွန်ခဲ့သော လေးငါးနှစ်လောက်ကတည်းက သူ့ကို လုပ်ခိုင်း ထားတဲ့ ကိစ္စတခုကိုတော့ သူ အခုထိ မလုပ်ဖြစ်သေး။ ကိုယ့်ညီမ အလတ်မကို သူ့သူငယ်ချင်းတဦးက ပြောခဲ့သည်မှာ 'အိမ်က အို လူက အိုနဲ့ ပိုပြီးစိတ်ညစ်ရလိမ့်မယ်' တဲ့။

ကိုယ့်ညီမကတော့ အဖေ့ကို ဖွတ်ပူဆာပြီး အိမ်ကြီးရခိုင် လုပ်ခဲ့တော့တာ။ သူ့အိမ်အိုလို့ မဟုတ်ပေမယ့်လည်း သူ့ကို ဒါထက် အများကြီးကောင်းတဲ့ အိမ်ကြီးနဲ့ နေစေချင်တာ သူ မသိလို့တော့ မဟုတ်....။

'အေးပါဟယ် လုပ်မှာပါ' ဆိုပြီး သုံးမြဲ သုံးလျက်၊ ဖြုန်းမြဲ ဖြုန်း လျက်။ သူ့နောက်ကသာ လိုက်နေရတာ၊ သူ့အသုံးစရိတ်တွေ တွက် ကြည့်ပြီး နှမြောနေခဲ့တာ သူ မသိဘူးမို့လား။ ကိုယ်က သူနဲ့အတူ ခရီးတို ခရီးရှည်တွေ အများကြီး သွားဖူးခဲ့သည်။ ဒါကို သူက သူ့ကို 'ဝန်းရံသူ'



mgyoe.com

mgyoe.com


များဆိုပြီး ကျေးဇူးတွေတောင် တင်လို့ ရယ်ရတယ်။ စိုးဘားဗိုင်လား၊ မြင့်လွင်ဦးလား မသိတော့။ 'စာလုံးပေါင်း ပြောင်းရမယ်။ ဝ ကို မ, သတ်နဲ့ ဝမ်းရမယ်... ဝမ်းရန်သူများ' ဦးသန်းဖော်ညွှန်နဲ့ ဂီတယွန်းအိမ်က သဘောကျစွာ ရယ်နေကြချိန် ကိုယ်ကတော့ အားရပါးရ 'ဟုတ်တယ်... အခုကို ဗိုက်ဆာပြီ... ဝမ်းရန်လိုက်ကြစို့'။

တခါတခါ ဆရာကြီး ဦးကိုလေးကို သွားကန်တော့ကြရင်း ဆရာကြီးကိုပါ ဝမ်းရန်ခိုင်းရတာ တကယ်ကို ပျော်ဖို့ ကောင်းသည်။ စကားတွေ အလုအယက် ပြောကြရင်း လွတ်လပ်ပေ့ါပါးစွာ နေရတဲ့အချိန်တွေကို သူ့လိုပဲ ကိုယ်တို့လည်း တကယ်ကို ပျော်ခဲ့ရပါသည်။

ဆရာကြီး မြသန်းတင့် အနှစ်နှစ်ဆယ်ပြည့် မြို့ကို သွားကြတုန်းကဆို မမ မရာထိုပါ ပါသည်။ ပုဂံနဲ့ ပခုက္ကူ ဘုရားဖူး အစီအစဉ်ရောပါတာမို့ ဘယ်တော့မှ မမေ့နိုင်တဲ့ ခရီးလေးတခု၊ ကုသိုလ်တွေ အများကြီးရတဲ့ ခရီးစဉ်လေး။

သူနဲ့ ခရီးပေါင်း သောင်းခြောက်ထောင်လောက် သွားဖူးထားတဲ့ ကိုယ့်အတွက်တော့ ခရီးစဉ်တိုင်းဟာ မမေ့နိုင်စရာတွေချည်းပါပဲ။ နိုဗယ် မြန်မာစာပေပွဲတော်ဆိုလည်း နှစ်နှစ်ဆက်တိုက် သူက အလုပ်နဲ့။ ကိုယ်က ဝေလေလေ (စရိတ်ငြိမ်း)။ ဝေလေလေက နာမည်သာမကောင်းတာ လွတ်လပ်ပေ့ါပါးမှုမှာတော့ သူ့ထက် အများကြီး သာသည်။ ဒါပေမဲ့ သူ့ကို ကြည့်ရတာလည်း သူ မွေ့ပျော်ဝင်စားတဲ့ အလုပ်မို့လား မသိ တက်ကြွဖျတ်လတ်နေတာပဲ။ ဆရာမ နှစ်ထပ်ကွမ်း ဆိုတော့ ဘယ်အရာမဆို လုပ်တတ်ကိုင်တတ်။ အဲ... လုပ်ရည်ကိုင်ရည် အပြည့်။ သူ အခု လုပ်နေသလိုမျိုး ရင်ခွင်မဲ့ လျော့ချရေးတို့၊ ဘာတို့ညာတို့ဆို ကိုယ့်ကို ခိုင်းကြည့်ပါလား တစက်လေးမှ မလုပ်တတ်မှာ သေချာတာပေ့ါ။ အဲဒီတော့ သူ့လို မင်းပေါက်စိုးပေါက်လည်း မဖြစ်တော့ဘူးပေ့ါလေ။


mgyoe.com

mgyoe.com SAMPLE BOOK


ကိုယ်သိရသလောက်တော့ သူ့ကို ဘယ်သူကပဲ ခိုင်းခိုင်း သူလည်း လုပ်ချင်တဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စဆို သူ လုပ်ပေးသည်။ သူ မလုပ်ချင်လို့ မလုပ်သင့်ဘူး ထင်ရင်လည်း လုံးဝပဲ။ ကလေးတွေနဲ့ ပတ်သက်တဲ့ ပွဲမျိုး ဆိုရင်တော့ လက်ခံတာ များပါသည်။ စာပေဟော ပြောပွဲလိုမျိုး ဆိုရင်တော့ လူလည်း ရွေးသလို ငြင်းတာက ပိုများသည်။

ပြီးတော့ သူက ပြောသေးတယ်။ ကိုယ့်လိုပဲ ပေါ့ပေါ့ပါးပါး နေချင်တော့တယ်တဲ့။ အဖြစ်မရှိတဲ့ ကိုယ့်စတိုင်လ်ကို သူ ကြိုက်တယ် ပေါ့။ အဖြစ် မရှိတာကလည်း သက်သောင့်သက်သာနဲ့ နေလို့ထိုင်လို့ တော့ အကောင်းသား။ ကိုယ့်လိုတော့ သူ့ကို မနေစေချင်ပါ။ သူ့မှာ ရှိတဲ့ အစွမ်းအစတွေ လျော့ပါးကုန်မှာ စိုးသည်။ အဲဒီတော့ ကိုယ့်အလုပ် ကိုယ်လုပ်ပါ ကိုယ့်ညီမလေး။ လုပ်စရာတွေ အများကြီး ရှိတယ်မို့လား။

နယ်ပယ်နှစ်ခုမှာ ကျက်စားနေရတဲ့သူအတွက် လူမှုရေးကိစ္စ တွေကလည်း အများကြီး။ သာရေးနဲ့ နာရေးမှာ သူ့အတွက် ဘယ်အရာ ဦးစားပေးလဲ။ သူနဲ့ ပတ်သက်ပြီး ဘဝင်မကျခဲ့ရတဲ့ အကြောင်းအရာလေး တခု ရှိခဲ့ဖူးသည်။ နာရေးဆိုတာ ကာယကံရှင်တွေ ပူဆွေးဝမ်းနည်း ဖြေမဆည်နိုင် ဖြစ်နေကြချိန်။ နှစ်သိမ့် ဖေးမပေးမယ့် အရင်းအချာ သူငယ်ချင်းတွေ လိုအပ်တယ်လေ။ ကိုယ့်ညီမလေးဝါဝါ ရုတ်တရက် ဆုံးပါးစဉ်ကဆို သူရော၊ မဝင့်ရော၊ မကိုရော ကိုယ့်အနားမှာ ညအိပ်ညနေ တောင် နေပေးပြီး ဖေးမ နှစ်သိမ့်ခဲ့ကြတာ။ အခု ကိုယ့်အဖေရဲ့ ကိစ္စမှာ အဲဒီလို ညအိပ်ညနေ နေပေးစရာ မလိုတော့ပါ။ ၈၀ ကျော် အဖေ့အတွက် ကိုယ်တို့လည်း သေခြင်းတရားကို နှလုံးသွင်းတတ်တဲ့ အရွယ်တွေ ရောက်ခဲ့ပြီ မဟုတ်လား။

နာရေး ဆိုတော့လည်း သူ ကြားကြားချင်း ရောက်လာခဲ့ပါသည်။ ချိုင့်ကြီး ချိုင့်ငယ် အသွယ်သွယ်နဲ့ သွားကို သွားရမယ့် အစည်းအဝေး


mgyoe.com

mgyoe.com

တခု ရှိတာမို့ အဖေ့ကို သူ လိုက်မပို့နိုင်တော့ပါတဲ့လား။ ဘယ်သူပါပါ မပါပါ ကိုယ့်လမ်းကိုယ် သွားရမှာ သိနေပေမယ့်လည်း ကိုယ့်ရင်ထဲမှာ 'ဟာ' သွားခဲ့ရတာကိုတော့ ကိုယ်လည်း ဘာမှ မတတ်နိုင်ခဲ့ပါ။

နောက်ရက်တွေ သူ ဘယ်လိုပဲ ထပ်ခါထပ်ခါ လာခဲ့ပေမယ့်လည်း အဖေ့ကို သူ လိုက်မပို့ဘူး ဆိုတဲ့ အစွဲကြီးက ပျောက်လို့ မရခဲ့။ အဖေ့တလပြည့်မှာတော့ ပုသိမ်ကြီးဘက်မှာ ရှိနေတဲ့ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်းကို ကျန်တဲ့ဆေးဝါးတွေနဲ့ အလှူငွေ သွားလှူခဲ့ကြတာ သူသာ လိုက်မပို့ဘူး ဆိုရင် အဲဒီအစွဲကြီးက ပျောက်ပဲ့မလားတောင် မသိ။ ဆယ့်လေးနှစ်တောင် ကြာခဲ့ပြီမို့ သူကဖြင့် သတိတောင် ရပါတော့မလား။ ကိုယ့်အမေအလှည့်မှာတော့ ကိုယ့်အနားမှာ တနေကုန် နေပေးတဲ့ အပြင် နာရေးက အပြန် 'ချမ်းမြသုခ' ကို အလှူငွေ သွားလှူတော့လည်း သူပဲ ကိုယ့်ကို လိုက်ပို့ခဲ့တာ။

လောကကြီးက ဒီလိုပါပဲ။ ကိုယ့်အလို ဆယ်ခါ လိုက်ထားလည်း တခါလေး မလိုက်မိတာကို ခံစားနေလိုက်တာ မပြီးနိုင် မစီးနိုင်။ ပုထုဇဉ်တယောက်မို့ ခွင့်လွှတ်ပါလို့ပဲ သူ့ကို တောင်းပန်ရတော့မည်။ ကိုယ် သိပ်ချစ်တဲ့ အဖေမို့ ဆိုတာ သူလည်း နားလည်မှာပါလေ။ အဖေ မရှိတော့တဲ့ နောက်ပိုင်းနှစ်တွေမှာ အလုပ်သမား မမြဲတဲ့ ကိုယ့်အိမ်အတွက် အလုပ်သမား ကောင်မလေးတယောက် သူ ခေါ်ပေးခဲ့ဖူးသည်။ သူ ခေါ်ပေးတဲ့ ကောင်မလေးက အိမ်မှာ ၇ နှစ်လောက်တောင် ကြာကြာ နေပေးခဲ့သည်။ တကယ်တမ်း အဲဒီကောင်မလေးသာ သူ့အိမ်မှာ နေရရင် ခုထိရှိနေဦးမှာ သေချာသည်။ အလုပ်သမား မွေးရတာ လွယ်တဲ့ကိစ္စ မဟုတ်ပေမယ့် သူကတော့ သူ့ကောင်မလေးတွေကို ထုံးစံထက် ပိုများတဲ့ လခအပြင် ကျွေးမွေး ပေးကမ်းတာကလည်း ဘယ်သူနဲ့မှ မတူဘူးမို့လား။

ဇလပ်နီတခေပ

mgyoe.com

သူနဲ့ သူညီမတွေလို အလုပ်သမားတွေကို စည်းကမ်းတကျနဲ့ ပျော်အောင်ထားတတ်ဖို့ ဆိုတာလည်း တကယ်ကို မလွယ်တဲ့ကိစ္စ မဟုတ်ဘူးလား။ ကိုယ့်အိမ်ကို သူ ရောက်လာတိုင်းလည်း သူ ခေါ်ပေးထားတဲ့ ကောင်မလေးကို တရင်းတနှီး ဆက်ဆံကာ သွန်သင်ပေးနေတာဆိုတော့ အိမ်မှာ အကြာဆုံးနေသွားတဲ့ အဲဒီကောင်မလေးအတွက် သူ့ကို တကယ်ပဲ ကျေးဇူးတင်ပါသည်။ အပြင်မှာတော့ သူ့ကျေးဇူးတရားကို တခါမှတောင် ထုတ်ဖော် မပြောခဲ့ဖူးပါ။ သူနဲ့ ကိုယ်ကြားမှာ အပိုတွေ မလိုဘူး၊ ဟုတ်တယ်မို့လား။

လူ မသိ သူ မသိ ကိုယ့်အပေါ် တင်နေတဲ့ ကျေးဇူးတွေထဲမှာ ကိုယ့်တူတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေလည်း ပါနေခဲ့သည်။ ပြောရရင် ကိုယ့်တူနှစ်ယောက်လုံးက သူ့တပည့်လေးတွေ။ မိဘမျက်နှာရော၊ အဒေါ်တွေ မျက်နှာရော၊ ဆရာမ မျက်နှာရော အိုးမည်းသုတ်တဲ့ ကောင်တွေပေ့ါ။ သူ့တပည့်တွေထဲမှာ လူတော်လူကောင်းတွေ အများကြီးထဲကမှ ဆိုးသွမ်းလူငယ်ကတော့ ရှားရှားပါးပါး ကိုယ့်တူ အကြီးကောင် တဦးပဲ ရှိမည် ထင်ပါသည်။

အဲဒီလို ကလေးမျိုးကို ဆေးဖြတ်ဆေးရုံက သွားပြန်ခေါ်လာရတဲ့ အကြောင်းလေးကလည်း သူနဲ့ ကိုယ်ကြားမှာ မမေ့နိုင်စရာ အကြောင်းလေးပဲပေ့ါ။ သူ ဘယ်သူ့သားသမီးကိုမှ အဲဒီလို လုပ်ပေးခဲ့ရတယ်လို့ မကြားဖူးခဲ့ပါ။ ကိုယ့်ကျမှပဲ ဆိုတော့ ဒီအဖြစ်အပျက်ကို သူလည်း တသက်လုံး မေ့မှာ မဟုတ်တော့ဘူးပေ့ါ။

ကိုယ်နဲ့ ပတ်သက်လို့ မမေ့စရာ ကိစ္စတွေကလည်း သူ့မှာ အများသား။ မဝင့် မျက်စိခွဲတုန်းက သူနဲ့ကိုယ် ခွဲခန်းအပေါက်ဝက ထိုင်စောင့်ပေးခဲ့ကြသလို (မဝင့်အမျိုးသား ဇေရတုရော) ကိုယ်မျက်စိ ခွဲတုန်းကလည်း မျက်စိနှစ်ဖက်စလုံး အစအဆုံး သူပဲ အကုန် လိုက်လုပ်



mgyoe.com

mgyoe.com
SAMPLE BOOK


ပေးခဲ့တာ။ မနက်ငါးနာရီ သူ့ရဲ့ဒရိုင်ဘာကို တုံကင်နံပါတ် ယူခိုင်းတာက စ၊ ဟိုစစ်သည်စစ် တနေရာပြီး တနေရာ ဆေးစစ်ချက် လုပ်ရတာတွေ အလယ်၊ ခွဲပြီး အိမ်ပြန်ရောက်သည် အဆုံး ပတ်မလုံးစုံအကုန် သူပဲ လုပ်ပေးခဲ့တာ။ တကယ်တော့ သူ ချိတ်ပေးတဲ့ နာမည်ကြီး မျက်စိအထူးကု ဆရာဝန်ကြီးနဲ့ ကိုယ် မခွဲဖြစ်ခဲ့ပါ။ ပြောရရင် ရှည်နေမှာ စိုးတာတကြောင်း၊ သူ သိပြီးသားကိစ္စ ဖြစ်တာတကြောင်းမို့ ထည့်မပြောတော့ပါ။

အမှန်အတိုင်းဝန်ခံရရင် ကိုယ်က ကာတွန်းဝေယံနဲ့ ပြောပြီး သား။ ဝေယံ့ညီလေး မျက်စိအထူးကု ဆရာဝန်လေးနဲ့ ခွဲမယ်လို့ ပြောပြီး သားလေ။ သူ့ဆန္ဒကို မလွန်ဆန်ချင်ပေမယ့်လည်း သူ့ဆန္ဒကို လွန်ဆန်ဖို့ ဖြစ်ခဲ့ရတာ သူ့ကို အရမ်းကြီး အားနာဖို့ ကောင်းပေမယ့်လည်း သူ စီစဉ် ပေးတဲ့ အတိုင်း မဖြစ်ရကောင်းလားလို့ မျက်နှာတချက် မပျက်၊ အပြစ်တင် စကား တခွန်း မဆိုခဲ့တဲ့အပြင် –

"အေးပါဟယ် လုပ်ပါ...လုပ်ပါ... ကာယကံရှင် စိတ်ချမ်းသာဖို့ အဓိကပါ" တဲ့လား...။

နောက်တနှစ်နေလို့ ကျန်မျက်လုံးတဖက် ထပ်ခွဲရတော့လည်း သူ မပါဘဲ မပြီးခဲ့ဘူးလေ။ ကိုယ်ကတော့ သူ့မျက်လုံး ကျန်းမာရေး တသက်လုံး ကောင်းပါစေလို့ ဆုတောင်းပေးရုံက လွဲပြီး။ ခန္ဓာကိုယ် ကျန်းမာရေးနဲ့ ပတ်သက်လို့လည်း သူ့ကိုယ်သူ ဂရုစိုက်သည်။ သူ့ခံစားမှု တွေ ပုံမှန်မဟုတ်တာနဲ့ ချက်ချင်း ဆရာဒေါက်တာ ဦးအောင်ကြီးဆီ ပြေးတော့တာပဲ။

'တို့က တို့ကိုယ်ထဲ ဘာမှ အဖြစ်မခံဘူး။ အမှန်အတိုင်း ဝန်ခံ ရရင် ကြောက်လို့' လို့လည်း ကိုယ့်ကို သူ ပြောဖူးတယ်။

ကောင်းပါတယ်။ ကျန်းမာရေး ဆိုတာ အဲလို ဂရုစိုက်ခါမှ တော်ရုံပဲလေ။


mgyoe.com

သူက ကျွန်းမာရေးတင် မဟုတ်။ ခေတ်နဲ့အပြိုင် လိုက်လျော ညီထွေလည်း နေတတ်သည်။ ဝတ်တာစားတာပဲ ခေတ်မှီတာ မဟုတ်။ ခေတ်ကြီးကို မျက်ခြေမပြတ်ဖို့ ဆိုတာ ဖုန်းသုံးတတ်ဖို့လည်း လိုသေးတယ်မို့လား။ သူက ဖုန်းသုံးသူပီပီ လိုင်းပေါ်က ကိစ္စဝိစ္စမှန်သမျှ ကိုယ့်ကို အကုန် ပြန်ပြောပြတတ်တာမို့ ကိုယ်ဖုန်းမသုံးပေမယ့် သုံးရသကဲ့သို့ပါပဲ။ အဲဒါကြောင့်လည်း စိုးဘားဒိုင်က သူ့ကို ဘွဲ့တခု ပေးထားတာ။ 'စာတော်ဖတ်'တဲ့။ ဖုန်းကို 'စာတော်ဖတ်'ကတဆင့် သုံးတာ ကိုယ်တဦးပဲရှိတယ်လို့လည်း စိုးဘားဒိုင်က ပြောသေးသည်။ ပွဲတခုမှာ မိုက်ကြီးနဲ့ ပြောတာမို့ အားလုံးက သဘောကျစွာ ရယ်လိုက်ကြတာ။ တကယ်လည်း မိုက်တယ်။ စာတော်ဖတ်ကတဆင့် စာပေကိစ္စတွေရော၊ သတင်းရော၊ အတင်းရော စုံစီနဖာ အကုန် သိနေရမှတော့ ကိုယ် ဖုန်းသုံးစရာ လိုသေးလို့လား။

သူနဲ့ ပတ်သက်ပြီး သတိထားမိတဲ့ အချက်လေးတခုကိုလည်း ပြောပြချင်သေးသည်။ သူ လူတယောက်ကို မုန်းပြီဆိုရင် နောက်ပိုင်း အဲဒီလူနဲ့ ကွဲပြီသာမှတ်။ အကြောင်းအချက် ခိုင်ခိုင်လုံလုံ လက်ဆုပ်လက်ကိုင်ပြစရာ ကိုယ့်မှာ မရှိပေမယ့်လည်း သူ လူတယောက်ကို အရမ်းကြီး 'ကောင်း' နေရင် 'စောလွန်းပါသေးတယ်။ အခု မပြောနဲ့ဦး' လို့ ကိုယ် အမြဲပြောခဲ့တာ သူလည်း သိတယ်မို့လား။ ဒါမှမဟုတ် အမှုမဲ့ အမှတ်မဲ့ပဲလား။

'တို့မသိဘူး ပြောပြပါ' ဆိုရင်တော့ ဆောရီးပါဟာ အရေးကြီးကိစ္စ မဟုတ်လို့ ခေါင်းထဲ မထည့်ပါနဲ့။ စိတ်ထဲရှိသမျှသာ ပြောရရင် ဆုံးမှာ မဟုတ်တော့ပါ။ အခုကိုပဲ ပြောခဲ့တာတွေ တော်တော်ကြီး များနေပြီ။ သူ့ကို ဘယ်မှာ စတွေ့ဖူးတယ် ဆိုတာလည်း အခုထိ စဉ်းစားလို့ မရသေး။



mgyoe.com

mgyoe.com
SAMPLE BOOK


တကယ်တော့ သူဟာ သူ့ဘဝသူ တကယ်ပဲ အေးချမ်းစွာ ဖြတ်သန်းနေရသူပါ။ အပျိုကြီးညီအစ်မသုံးယောက် ဆိုတော့ ဘယ်လောက်တောင်မှ အေးချမ်းလိုက်သလဲ။ စာလေး သွားသင်လိုက်၊ စာလေး ထိုင်ရေးလိုက်။ ရင်ခွင်မဲ့ကလေးလေးတွေ ကိစ္စ လိုက်လုပ်ပေးလိုက်။ မအေးချမ်းစရာကိစ္စ ဆိုတာ ဘာတခုမှမရှိတဲ့ သူ့ဘဝကို ကိုယ် တကယ်ပဲ အားကျမိပါသည်။ စာမသင်တတ်တာက လွဲလို့၊ စာတွေ အများကြီး မရေးချင်တာကလွဲလို့၊ ပရဟိတလုပ်ငန်းတွေ မလုပ်ချင်တာက လွဲလို့။

သူရော ကိုယ့်အကြောင်း ဘာတွေပြောထားမှာပါလိမ့်။ တယောက်အကြောင်း တယောက် မသိနိုင်သေးတာတွေလည်း ရှိနိုင်သေးတာပဲ မဟုတ်လား။ တကယ်ပဲ သူနဲ့ ကိုယ်ဟာ အတွင်းသိ အစင်းသိတွေ ဖြစ်ကြပြီလား။ ကိုယ် မျက်စိပြတုန်းက ပထမဦးဆုံး ပြဖြစ်တဲ့ ဆရာကြီးကို တမေ့တမော ထိုင်စောင့်ရင်း ကိုယ့်အတွင်းရေးတွေ သူ့ကို အားလုံးပြောပြထားတာမို့ သူ့အတွက် ကိုယ်က တကယ်ပဲ အတွင်းသိ အစင်းသိ ဆိုတာ သေချာနေပေမယ့်လည်း သူလည်း ကိုယ့်ကို ပြောသင့် ပြောထိုက်တဲ့ အရာအားလုံးကို ပြောပြခဲ့မှာ သေချာပါတယ်လို့တော့ ထင်ရတာပဲလေ။

ဒါလောက်နဲ့ပဲ ဖြတ်လိုက်တာ ကောင်းပါတယ်။ သိပ်များလွန်းရင် ဟိုသွားမှာလည်း စိုးရသေးဆိုတော့။

သူ ပြောပြမယ့် ကိုယ့်အကြောင်းတွေကို သိချင်လွန်းအားကြီးလို့ ရင်တွေတောင် ခုန်ပါတယ်။ တကယ်။

မေးခွန်းလေးတခုတော့ မေးလိုက်ပါရစေဦး။ တို့နှစ်ယောက်က 'ကျီးနဲ့ ဘုတ်လား' ဟင်။ ။

*

ဇလပ်နီတစေပ

mgyoe.com

mgyoe.com SAMPLE BOOK


'အင်း... ဟုတ်လောက်တယ်၊ ကျီးနဲ့ ဘုတ်ပေါ့' ဟု ကျွန်မ သူ့ကို ထောက်ခံမည်ဟု တွေးနေမိဆဲ။

'တယောက်ကို တယောက် မြှောက်နေကြတဲ့ သဘောပေါ့' ဟု သူက ဆိုသော် -

"ဟင်... အဲလိုဖြင့် ဟုတ်ပါဘူး။ ဘယ်မှာ မြှောက်လို့လဲ။ ဘာတခုမှ လုပ်ရေးထားတာ မရှိဘူးလေ"

ဟု ကျွန်မ ပြန်ပြောသည်။

သူက လက်မခံလိုသော ရယ်သံနှင့် တုန့်ပြန်သည်။ ကျွန်မ သိသော ထိုစကားပုံက 'ကျီး ဘုတ်ရှိသေ၊ ဘုတ် ကျီးရှိသေ' ဖြစ်သော ကြောင့် သူ ဆိုချင်သော အဓိပ္ပာယ်နှင့် ခြားနားလို့ နေသည်။ ကျွန်မက မြန်မာစာအဖွဲ့က ထုတ်သော 'စကားပုံစာအုပ်' ၏ စာမျက်နှာ(၂၀)၊ ပိုဒ်ရေ (၆၁) ကို ပြလိုက်တော့မှ "အင်း...." တဲ့။

လောကကြီးမှာ လူနှစ်ယောက် နှစ်ရှည်လများ အဖုအထစ်မရှိ ပေါင်းသင်းဆက်ဆံနိုင်ကြဖို့ ဘာတွေများ လိုအပ်ပါ့မလဲဟု ကျွန်မ ခဏတိုင်း တွေးဖြစ်ခဲ့ပါသည်။ အဓိကကတော့ ဘဝဘဝ၏ ရေးရေစက်များ ဖြစ်လေမလား။ ရေစက်ကြီးသူများသာ သူရော ကိုယ်ပါ နှစ်ဦးနှစ်ဖက် တန်းတူရည်မျှ ချစ်ခင် ပျော်ရွှင်နိုင်ကြပေမှာကိုး။ ကျွန်မ အတွေ့အကြုံ အရ ကိုယ့်ဘက်က စတင်၍ မည်မျှပင် ချစ်ခင်လေးစားစေကာမူ တဖက်က ထိုသို့ ဟုတ်မလာခဲ့လျှင် ကိုယ့် ဘက်ကလည်း 'အော် သူက ဒီလိုကြီးပါလား' ဟု တွေးမိလျှင် ထိုသူ တယောက်သည် ကျွန်မ၏ စိတ်ထဲမှ အလိုလို လွင့်စဉ် ပပျောက်သွားစမြဲ ဆိုတော့...။

နောက်တချက်က ကဗျာဆရာနောင်၏ 'နှင်းကို မြင်ခိုက်' ကဗျာထဲကလို 'ချစ်ခြင်း ခင်ခြင်း ယုံကြည်ခြင်းများ ဆပွားသစ်သစ် နိုင်မြဲနှစ်မာ ကာလကြာလေ စည်းလုံးလေတည့်' ဆိုသည့်အတိုင်း


mgyoe.com

mgyoe.com
SAMPLE BOOK


ချစ်ခြင်းခင်ခြင်းအပြင် 'ယုံကြည်ခြင်း' သည် ပိုလို့ပင် အရေးကြီးလှသည် ဟု ကျွန်မ အမြဲခံယူပါသည်။

သူက ကျွန်မထက် အသက်ကလေး မဖြစ်စလောက် ကြီးရုံမျှ သူ့ကို ခုလောက်အထိ ရိုသေလေးစားစွာ ချစ်ခင်မိမည်မဟုတ် ဟုလည်း ကျွန်မ ထင်ပါသည်။ သူ့ကို တွေ့သည့်အချိန်မှ စပြီး ယနေ့ထိ ကျွန်မ ယုံကြည်သည်။ သို့သော် ကျွန်မတို့နှစ်ယောက်က ဘယ်နေရာမှာမှ တူညီသည်ဟု မရှိတတ်။ ကျွန်မက အပြင်ပန်းအမြင်ဖြင့် ကြည့်လျှင် အတော်အေးဆေးသည်ဟု ထင်ရသော်လည်း ဂျီကျတတ်သူ။ မီးကျီးခဲ ပြာဖုံးလေ။

"နင်နဲ့ငါ အနေနီးလို့ မဖြစ်ပါဘူး။ အဲလောက်နီးရင် တည့်မှာ မဟုတ်ဘူး"

ဟု သူက ပြောသည်။

အမှန်တကယ်ပင် သူနှင့် ကျွန်မ မနီးကြပေ။ အလှမ်းဝေးဆို သူက မန္တလေးမြို့၏ ဟိုးအနောက်တောင်စွန်း။ ကျွန်မက မန္တလေး မြို့တော်ကြီး၏ အရှေ့မြောက်စွန်းစွန်း။ အစွန်းနှစ်ဘက်ကို နင်းနေကြသူ များဟုလည်း ဆိုမည်ဆိုက ဆိုနိုင်ပါရဲ့။ ပုံစံချင်းကလည်း ဘယ်လိုမှ မနီးစပ်လှပေ။ အရပ်ပုတာချင်းတော့ တူပါပေရဲ့။ ဒါလည်း ကံကောင်း ခြင်းတရပ်ဟု ဆိုရမလား မသိ။

"နင်လဲ ငါ့လို ပုနေလို့ အဆင်ပြေတာ။ ငါက ပုပု၊ နင်က ဂလန်ဂလား ဆိုလဲ မဟုတ်သေးဘူး"

ဟု ပြောပြန်သေးရဲ့။

အရပ်သာ တူသော်လည်း စိတ်ခြင်းကဖြင့်တော့ မတူကြပြန် ပါရော။ အပြင်ပန်းသွင်ပြင်ကစ အတော်လေးကို ကွာခြားပါသည်။ ကျွန်မလား 'မလှချင်ပါ'။ အလှကြိုက်သော မိန်းကလေး အနည်းဆုံး


mgyoe.com

ငါးယောက်စာလောက်ပေါင်းမှ ကျွန်မ၏ ပဲများချင်သော စိတ်ကို မီနိုင်လိမ့်မည် ထင်ပါရဲ့။

"နည်းနည်း လျှော့ပါဦးဟ။ နင့်ဟာ မိတ်ကပ်တွေ များလွန်းနေတာ။ ဟိုတခါလာတုန်းကလေ...။ ငါ ပြောမလို့ပဲ...။ ဟီးဟီး ရှက်သွားမှာစိုးလို့"

ဆိုတော့ ကျွန်မက အငြိမ်မနေသေး။

"ဒီနေ့ရောဟင်"

ဟု မေးဖြစ်အောင် မေးလိုက်သေးရဲ့။

သေသေချာချာ ကြည့်ကာ -

"အင်း ဆိုးပါဘူး ဒါလောက်ဆို တော်ရောပေါ့။ အသားက ဖြူပြီးသားကို၊ ငါဆို နင့်လောက်သာ ဖြူရင် ဘာမှ မလိမ်းဘူး"

ဟု ပြောပါသည်။

ကျွန်မက သူ့ကို ဟားတိုက်ရယ်တာပေါ့။ သူဖြင့် ဘယ်တုန်းကများ လိမ်းဖူး ချယ်ဖူးလို့ပါလိမ့်။

"အံမယ် ဘာလို့ မလိမ်းရမှာလဲ။ ငါ သနပ်ခါးကြိုက်တယ်။ ရေချိုးပြီး အမြဲလိမ်းပါ့"တဲ့။

ဟုတ်ပါရဲ့။ သူ ညာတာ မဟုတ်။ ရေချိုးပြီးလျှင် သူ သနပ်ခါး အမြဲလိမ်းတတ်တာ ကျွန်မ သိသားပဲ။ သနပ်ခါး ပါးပါးညက်ညက် ကလေးကို မျက်နှာမှာ မှုန်မှုန်လေး လိမ်းလေ့ရှိသော သူသည် အများထင်သလို ယောက်ျားလျာတယောက် လုံးဝမဟုတ်ကြောင်း သက်သေ တခုဟု ပြောရမည်လား။ ထိုအကြောင်းတချက်နှင့်တော့ မခိုင်လုံသေးပါဘူးလေ။ သေချာတာတခုကတော့ သူ မိန်းမစစ်စစ်ဖြစ်သောကြောင့် ကျွန်မ သူ့ကို လေးစားစွာ ချစ်မြတ်နိုးမိခဲ့ခြင်းသာလျှင် သေချာမှုစစ်စစ် ဖြစ်ပါသည်။



mgyoe.com

mgyoe.com


ကျွန်မက ဟိုမရောက် သည်မရောက် အူကြောင်ကြောင်များကို အလွန်မုန်းသည်။ မိန်းကလေးဖြစ်သည့်အပြင် ငယ်ကတည်းက (အမေနှင့် အဒေါ်များ၏ ဆုံးမသွန်သင်မှုများလည်း ပါမည် ထင်ပါရဲ့) ကနွဲ့ကလျ မိန်းကလေးအမျိုးအစားထဲမှာ ကျွန်မ ပါပါသည်။ တမင်လုပ်ပြီး နွဲ့နေတာ မဟုတ်ရပါဘဲ ငယ်ငယ်က အရိုးပျော့သောအရှိန်နှင့် ဘာမှ ပြင်းပြင်းထန်ထန် မလုပ်နိုင်တာလည်း ဖြစ်မည် ထင်ပါသည်။

လိုတိုရှင်း ဆိုရလျှင် တက္ကသိုလ်ရောက်လို့ အဆောင်နေပြီဆိုကတည်းက ယောက်ျားလျာမိန်းမတို့၏ ရန်ကို တော်တော်လေး သိသိသာသာ ရှောင်ခဲ့ရသည်။ သူတို့နှင့် အတူသွားရလာရမှာ ရှက်ခဲ့ရသည်။ အချစ်တော်ထားသူဟု ဘယ်လိုမှ အထင်မခံနိုင်တာကြီးကိုက စိတ္တဇဝေဒနာတမျိုးလို အနှောင့်အယှက် ဖြစ်ခဲ့ရဖူးပါသည်။

သူနှင့် တွေ့စက ဟောဟောဒိုင်းဒိုင်း ပြောတတ်၊ ဟာသနှော တတ်သော သူ့အပြောများကို နားထောင်ရင်း သူ့ကို ကျွန်မ မုန်းလေ့ရှိသော ယောက်ျားလျာများ ဖြစ်နေမလားဟု မတွေးမိခဲ့တာတော့ ကျွန်မကိုယ်ကျွန်မ အံ့ဩရမည့် အကြောင်းအရာတခုပင်။

သူက ပွင့်လင်းသည်။ ရဲရင့်သည်။ သွက်လက်သည်။ ကျွန်မက စိတ်ထဲမှာ မရင်းနှီးလျှင် ပွင့်လင်းဖို့ နေနေသာသာ စကားတောင် မပြောချင်။ သတ္တိကြောင် သူရဲဘောနည်း။ အရာရာမှာ တုံ့တုံ့နှေးနှေး။ ကျွန်မစိတ်နှင့် မတွေ့သူကို စိတ်ကလည်း မရှည်တတ်။ ခုချိန်မှာတော့ တွေးမိပါရဲ့။ သူ ကျွန်မကို တွေ့စက ဘယ်လိုများ အောက်မေ့ခဲ့လေမလဲ။ စိတ်တော့ တော်တော်လေး ရှည်ခဲ့ရမည် ထင်ပါရဲ့။ မည်သို့ပင်ဆိုစေ ခုချိန်မှာတော့ ကျွန်မ၏ရင်တွင်း အမြင့်ဆုံး နေရာမှာ သူ ရှိနေပါသည်။

သူ့ကို စာပေအသိုင်းအဝိုင်းက အားလုံးနီးပါးလောက်ပေးသော ကောမင့်ကတော့ 'ပေါင်းသင်းဆက်ဆံရေး ချောင်ပြေပြစ်သူ' ဟု ဖြစ်ပေ


mgyoe.com

mgyoe.com
SAMPLE BOOK


လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူက အဘိုးဒဂုန်တာရာကဲ့သို့ပင် 'ရန်သူ မရှိ မိတ်ဆွေသာ ရှိ' ဟူသော သူမျိုး။ ကျွန်မက သူ့ရှေ့မှာဆို ဘာမှ ကွယ်ဝှက်ထားသည် မရှိ။ သူ အထင်သေးကာမှ သေးရော ခံစားသမျှကို မချွင်းမချန် ပြောတတ်သူ ဆိုတော့ ကျွန်မ ပြောသမျှကို သူက တခါတလေမှာ ငြိမ်ပြီး နားထောင်တတ်သူ။ အနည်းဆုံးတော့ ဟာသကလေးဖြင့် စနောက်ပစ်တတ်သူ။ ကျွန်မ၏ လေးလံသော စိတ်ကို လျော့အောင် ပေါ့အောင် လုပ်ပစ်တတ်သူ။ တွေ့စကတော့ ဘယ်လိုမှ ထွေထွေထူးထူး မစဥ်းစားမိခဲ့သေး။ သူနှင့် တွေ့လျှင် ပျော်ရသည်မျှ လောက်သာ။

ကျွန်မက ခံစားတတ်သူပီပီ ဘယ်သူက ဘာလေးပြောပြော နင့်နင့်နဲနဲ ခံစားတော့သည်။ တခါသားမှာ ဆရာကြီး ဦးသာရက ပြောသတဲ့။ ကျွန်မ၏စာများကို ဖတ်ပြီး "ဒီကောင်မလေး လက်ရှိတယ်ကွ၊ သူ တက်လာလိမ့်မယ်" ဆိုတော့ တယောက်က ကွယ်ရာမှာ ပြောသော စကား ကျွန်မထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

'ဟင်း... အိမ်ထဲက အိမ်ပြင် မထွက်တဲ့သူကများ ဘယ်နှပုဒ် ရေးနိုင်မှာမို့လဲ၊ စောင့်ကြည့်စမ်းပါဦး' ဘာဘာညာညာပေါ့။ ကျွန်မက ဒေါသမဖြစ်ဘဲ အားငယ်ကာ 'အင်း... အဲလိုပဲ ဖြစ်သွားမှာပါလေ' ဟု ပြောမိရာ သူက -

"ဖြစ်စရာလားဟ။ နင် ရေးနေတာတွေက အပြင်ကလာတာမှ မဟုတ်တာ၊ ဒီထဲကလာတာ"

ဟု ဦးခေါင်းနှင့် ရင်ကို ပုတ်ပြပြီး သူ့ဟာသူ သဘောတွေကျကာ ဟက်ဟက်ပက်ပက် ရယ်လိုက်သေး။ သူ့ရယ်သံကို ကျွန်မ ခုထိ ကြားနေမိဆဲ။ ထိုရယ်သံကြောင့်ပင် 'ဒီနေရာဟာ ကိုယ် တသက်လုံး နေမယ့်နေရာပါ။ သူတို့လဲ ရှိနေကြဦးမယ် ဆိုရင် စိတ်ဝင်စားရင်


mgyoe.com

mgyoe.com


စောင့်ကြည့်ကြပါလေ' ဟူသော 'အား' ကို ရခဲ့ခြင်း ဖြစ်ပါသည်။ တပုဒ်ပြီး တပုဒ် ရေးဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ကျွန်မက သူ့ကို စောင့်ကြည့်နေသူတော့ဖြင့် မဟုတ်။ သို့သော် အတူ စာတွေ ရေးခဲ့ကြသည်။ ခရီးတွေ သွားခဲ့ကြသည်။ ဘဝမှာ ကြုံရသော အခက်အခဲများကို အတူရင်ဆိုင်ခဲ့ကြရသည်။ အသိုင်းအဝိုင်း တခုထဲမှာ ကြားရသော မလိုသောစကား၊ လိုသောစကားများကို ကြားနာခဲ့ကြရသည်။ အတွင်းမှာ တမျိုး၊ အပြင်မှာ တမျိုး ဆက်ဆံတတ်သူများနှင့်လည်း ကြုံခဲ့ကြရသည်။ ရယ်ခဲ့ကြရသည်လည်း ရှိသလို ငိုခဲ့ကြရ၊ မောခဲ့ကြရသည်လည်း တွေ့ခဲ့ကြရသည်။ ထိုအခါ ပို၍ပို၍ သိလာရသည်။ ကျွန်မ စိတ်ဝင်စားရဆုံးကတော့ တခုခု ဆိုလျှင် သူ ဘယ်လိုဖြေရှင်းသလဲ။ သူ ဘယ်လိုရင်ဆိုင်သလဲ။ ပြန်၍ တွေးရ စဉ်းစားရတော့သည်။

မှတ်မှတ်ရရ၊ မိဘများနှင့် ပတ်သက်သော အမှတ်တရများမှာ သူကတော့ နောင်တရစရာ ဘာတခုမှ မရှိ။ အဖေကိုရော အမေကိုပါ သူကိုယ်တိုင် ထွေးထွေးပိုက်ပိုက် ပြုစုခဲ့သည်။ သူ့ဖေဖေနှင့် မေမေ ရှိစဉ်က ဘယ်သို့သော ညအိပ်ခရီးဖြစ်ပါစေ၊ ဘယ်သူခေါ်ပါစေ ဘယ်လို နည်းနှင့်မျှ သူ မလိုက်။ ဒါကတော့ သူ၏ပြတ်သားသော အငြင်း။ အဖေနှင့်အမေ အသက်ကြီးပါပြီ ဆိုကတည်းက သူ့အခန်းမှာ သူ မအိပ်။ သံကုတင် သေးသေးလေးကို ညအိပ်ခါနီးမှ မိဘများ၏ ခုတင်နားမှာ ခင်းပြီး အိပ်ခဲ့တာ မိဘများ၏နောက်ဆုံးထွက်သက် အထိ။

သူ့အိမ်မှာ ညီမများ ရှိသော်လည်း သူ့အခန်းများနှင့်သူ နားနားနေနေ နေစေကာ သူကတော့ တနေကုန် ဆိုင်ခန်းလေးထဲမှာ ဈေးရောင်း။ ပြန်လာလျှင် လွတ်လပ်စွာ နားနေသည်ဟု မရှိ။ မိဘများ၏ သက်တမ်းတလျှောက်လုံး ညတိုင်း သတိနှင့် အိပ်စက်၊ အပေါ့အပါး ထတည်၊ ဆေးတိုက်။ သူ့ဖေဖေက အလျင်ဆုံးတော့ အမေနှင့် အတူအိပ်။


mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မ သူ့ကို အားကျမိဆုံးက သူ ကျေခဲ့သော သမီးဝတ္တရား ဖြစ်ပါသည်။ ကျွန်မကတော့ ထိုသို့မဟုတ်။ စာပေခရီးတခု ထွက်နေစဉ်မှာ မေမေက ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ 'ဒီလိုမှန်းသိရင် ဒီခရီးကို မထွက်ပါဘူး' ဟူသော နောင်တသည် ကျွန်မ၏တဘဝစာ ဖြစ်ခဲ့ရသည်။ ဖေဖေ့ကိုတော့ စိတ်တိုင်းကျ ပြုစုခွင့် ရသော်ငြားလည်း ဖေဖေ့ကို ပြုစုနေရတိုင်း မေမေ့ကို မမေ့နိုင်သည်က ကျွန်မ၏ ကုရန် ဆေးမရှိသော ဝေဒနာ။ တသက်လုံး မိဘစကားကို နားထောင်ခဲ့သည့် သမီးလိမ္မာဟု ပြောခံရတိုင်း ကျွန်မ ကျော့မလုံတော့။ သူကတော့ ကျွန်မ၏ဝေဒနာကို အသိဆုံးသူ ဆိုတော့ ဖေဖေ နေမကောင်းစဉ်မှာ -

"ဘာထူးလို့လဲဟာ၊ မေမေ့ကို မပြုစုလိုက်ရပေမယ့် ခု ဖေဖေ့ကို အတိုးချ ပြုစုရပြီပဲ"

ဟု အားပေးပါသည်။ သူ ပြောနေကျ။

"ငါ လူကြီးတွေနဲ့ နေရတာ ငရဲကြီးတယ်ဟ သိလား။ မတည့်တာတွေ စားရင် ငါကလဲ ချိုချိုသာသာ မပြောတတ်တော့ အော်ရော။ အော်ပြီးမှ စိတ်မကောင်း ဖြစ်ရတာ။ အမေကလဲ သူများပြောရင် မရဘူး။ ငါပြောရင်တော့ မျက်စောင်း တချက်လောက် လှည့်ထိုးရုံလောက်ပဲနဲ့ ပြောစကားကို နားထောင်တော့ ငါ့မှာ လူဆိုးကြီးကို ဖြစ်ရော"

စိတ်ပျက်စရာကို နောက်ဆုံးတော့ ရယ်သံနှင့် အဆုံးသတ်တတ်သူပါ။

ကျွန်မတို့မှာ ရင်ပူစရာများကို ပြေလိုပြေငြား ဖွင့်ပြောရင်း ရန်းကန်ခဲ့ရသည်ဟု ဆိုလျှင် ဘယ်သူမှ မသိဘဲ ကြိတ်၍ ရယ်ခဲ့ရသည်များကလည်း ရှိလေသေးရဲ့။ ထုံးစံအတိုင်း 'အပျိုကြီး' ကိစ္စပေါ့။ အသက်ကလေးတွေ ရလာကြပြီး နေမြဲအတိုင်း နေနေကြသော ကျွန်မတို့နှစ်ယောက်ကို ကြုံသလို မေးကြ စကြတာနှင့် ကြုံရသည်။


mgyoe.com

mgyoe.com


သူကတော့ ခတ်ပြတ်ပြတ်ပင်။ 'ဝါသနာကို မပါဘူး' ဟု ပြောလေရာ ပြောစမှတ်ကြီးကို ဖြစ်လို့။ ရယ်ပွဲဖွဲ့စရာလည်း ဖြစ်လို့။ မေးသူရှိတိုင်း သူ့အဖြေက သည်တမျိုးတည်း ဆိုတော့ မေးသည့် သူများ ငြိမ်သွားကြလေရဲ့။

ကျွန်မနှင့်သူ ထိုအကြောင်းကို ပြောဖြစ်သောအခါမှာလည်း သူက သူဖြေနေကျ အဖြေအတိုင်းကိုပဲ ပြောလေ့ရှိကာ 'ပျင်းလွန်းလို့' ဟုတောင် ထည့်လိုက်လေသေး။

ကျွန်မကတော့ သူ့လိုမဟုတ်။ ဘယ်သူမေးမေး ရေရေရာရာ ဘယ်တော့မှ မဖြေ။ ဖြေစရာ အဖြေကလည်း မရှိ။ နောက်တော့မှ ကိုယ့်အကြောင်းကိုယ် ပြန်စဉ်းစားသော် အဖြေက ရိုးရိုးလေးသာပဲ။ ထုံးစံအတိုင်း ကြောက်လို့ပေါ့။ ကျန်ရစ်ဖြစ်မှာလည်း မတွေးရဲ။ အရက် သောက်ပြီး ရမ်းမှာလည်း ကြောက်ရ။ မတော်တဆ ရိုက်တတ် နှက်တတ်သူနဲ့ တွေ့ဦးတော့ သွားပြီ။ လူနှစ်ယောက် အတူနေဖို့ ဆိုတာ ဘယ်လိုမှ မလွယ်။

ကျွန်မ အလွန်နှစ်သက်လှသော လွတ်လပ်ခွင့်ဆိုတာ ဘာဖြစ် သွားမလဲ။ ကိုယ့်အကြိုက် သူ့အကြိုက် ဆိုတာ တူရန် ခက်ခဲလွန်း ပါလေစွ။ အလိုလိုနေရင်း အဆင်ပြေဖို့ လိုက်လျော အလျှော့ပေးရင်း ကိုယ့်ဆန္ဒဟူသည် မြူမှုန်ကဲ့သို့သာ ဝေဝါးပျောက်ကွယ်သွားရမှာ။

မှတ်မှတ်ရရ အမေလူထုဒေါ်အမာကို မေးခွန်းတခု မေးခဲ့ ဖူးပါသည်။

"ဘဘဦးလှက စာတွေဖတ် စာတွေ ရေးနေချိန်မှာ အမေက အိမ်သားတွေအတွက် ချက်ပြုတ်လျှော်ဖွပ်လုပ်နေရတာ သူ့ကျ ရေးပြီး ကိုယ့်မှာတော့ မရေးရ မဖတ်ရလို့ မတွေးမိဘူးလား အမေ"

ဆိုတော့ -


mgyoe.com

m.g.y.o.e. .com


"တွေးမိပေါင်တော်၊ ကိုယ်ချစ်တဲ့လူတွေ ကောင်းကောင်း စားပါစေ။ ကောင်းကောင်းဝတ်ပါစေ လို့ပဲ တွေးမိတာပါ" တဲ့။

ဒါတွင် မပြီးသေး၊ အမေက ဆက်ပြောသည်။

"ငါ့သမီးတော့ သေချာသပေ့ါ၊ ညည်း အပျိုကြီးပဲဖြစ်မှာ" တဲ့...။

အမေ မှန်လိုက်တာ။ မည်သို့ပင်ဆိုစေ ကျွန်မတို့နှစ်ယောက် တွေ့တိုင်း ပြောဖြစ်သော စကားများကတော့ 'ငါတို့ ဒီတိုင်းနေတာ သိပ်မှန် တာပဲနော်' ဟူ၍ ဖြစ်သည်။ ဘယ်တော့မှလည်း နောင်တရမည် မဟုတ်သလို ဘယ်တော့မှလည်း အထီးကျန်သည်ဟု အားငယ်ခံစား နေမည် မဟုတ်တာကတော့ ကျွန်မတို့နှစ်ယောက် မတိုင်ပင်ဘဲ တူညီ နေသည့် ခံစားမှုစစ်စစ်များသာ ဖြစ်ပါရဲ့။

သူနှင့် ကျွန်မကြားတွင် ခိုးလိုးခုလုလေးတွေ မရှိခဲ့ဘူးလားဟု မေးလာလျှင်လည်း ဖြေစရာ ရှိပါသည်။ ရှိတာပေ့ါ။ ဘာလို့ မရှိရမှာလဲ။ ဒါပေမဲ့ ရယ်စရာတော့ ကောင်းသည်။ သူက အလှအပနှင့် ပတ်သက်လျှင် ကောင်းလား မကောင်းဘူးလား မေးလျှင်တောင် စိတ်ရှည်လက်ရှည် မဖြေချင်သူ ဖြစ်သည်။

တခါက ရန်ကုန်ကို သူနှင့် ကျွန်မ စာပေပွဲတခုအတွက် သွားကြရသည်။ မှတ်မှတ်ရရ နိုဘယ်လ်မြန်မာစာပေပွဲတော်မှာပေ့ါ။ ကျွန်မက စာတမ်းတခု ဖတ်ရန်အတွက် ဖြစ်သည်။ ထုံးစံအတိုင်း ကျွန်မ ဆိုသူက ပွဲဆိုတော့ ပဲများလေသပေ့ါ။ ပြင်ဆင်ပြီး ရင်ထိုးထိုးရန် နေရာရွေးတော့ 'ဟဲ့ ကြည့်ပါဦး။ ဒီနေရာလေး ကောင်းလား' ဆိုတော့ လည်း 'အင်း...' ဟိုနေရာလေး ရွှေ့ပြန်တော့လည်း 'အင်း...'။ ဘာကောင်းမှန်းလည်း မပြောတတ်။

ကျွန်မမှာ ဟိုတယ်၏ မှန်ရှိမှန်ဝါးမီးရောင်အောက်မှာ တော် တော်လေး အခက်တွေ့နေသည်။ နောက်ဆုံးတော့ ကျွန်မ အဆင်ပြေမည်


mgyoe.com

mgyoe.com


ထင်သော နေရာကိုပဲ ရင်ထိုးကို တပ်လိုက်ရသည်။ သူကတော့ တခွန်းသာ ပြောလေရဲ့။ 'ပြင်လွန်းတော့ ဖင်ချွန်း ဖြစ်နေဦးမယ်... လာ သွားစို့' တဲ့။

နောက် စိတ်ညစ်ရတာတခုက သူ၏လမ်းလျှောက်မြန်ခြင်းကိစ္စ။ သူက မနက်တိုင်း လမ်းလျှောက်နေသူမို့လား မသိ။ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ဘာ့ကြောင့်မှန်းမသိ၊ ဘယ်သွားသွား လမ်းလျှောက်တာ မြန်လှသည်။ ကျွန်မက လိပ်လေ။ သူ့ခြေလှမ်းကို ဘယ်သောအခါမှ မီအောင် လှမ်းနိုင်သူ မဟုတ်။ သွားကြပြီဟော့ဆို သွားပါပြီ။ သုတ်သုတ်သုတ်သုတ် သွားပြီး ကျွန်မ ပါမလာမှန်းသိမှ 'ဪ... ငါ နည်းနည်း မြန်သွားတယ်' ဟု သူ့ရှုန်းကို အနည်းငယ် ပြန်လျှော့တတ်သူ။

ရန်ကုန်မှာပါပဲ။ စာပေပွဲညများမှာ ဖျော်ဖြေပွဲများလည်း ပါတော့ ကျွန်မတို့ မှတ်မှတ်ရရ 'အာဇာနည်မိခင်ပြဇာတ်' ကို ကြည့်ဖြစ်သွားသည်။ တည်းသည့်ဟိုတယ်ကလည်း ပွဲကြည့်သည့်နေရာနှင့် မန္တလေးအခေါ် တပြလောက်သာ ဝေးပါသည်။ ထို့ကြောင့် ဘာမှ စီးရန်မလို လမ်းလျှောက်ပြန်ကြမည်ပေါ့။ ညဥ့်ကလည်း သိပ်တော့ မနက်သေး။ ပွဲကလည်း မပြီးသေး။ ပြဇာတ်အပြီးမှာတော့ ကျွန်မရော သူပါ ပြန်ချင်နေကြပြီမို့ အဖော်များကို မစောင့်တော့ဘဲ နှစ်ယောက်တည်းသာ ပြန်လာကြသည်။

ဘာပြောကောင်းမလဲ။ ရန်ကုန်ည၊ လူက ရှင်း၊ ကျွန်မက ကြောက်၊ သူက အမြန်လမ်းလျှောက်။ ကျွန်မက ကြောက်သည့် ဇောအဟုန်နှင့် အပြေးတပိုင်း လျှောက်လိုက်တာ သူနှင့်ခြေလှမ်း အဲသည်တခါသာ ညီဖူးလေရဲ့။

ဟိုတယ်လည်း ရောက်ရော ကျွန်မမှာ စကားပြောနိုင်ဖို့ နေနေသာသာ၊ အသက်တောင် မနည်းရှူရ။ မောနေသော ကျွန်မကို သူက


mgyoe.com

m.gyoe.com SAMPLE BOOK


'နင် သည်တခါ မြန်မြန်လျှောက်သားပဲ' ဟု ပြောရင်း လှည့်ကြည့်၊ 'ဟာ... တော်တော်မောနေတာ ဖြည်းဖြည်းလျှောက်လေ' တဲ့။ ရောက်မှ။

သူ့ကို ကျွန်မ ဘယ်လိုနည်းနှင့်မျှ ဆွဲဆောင်၍မရနိုင်သော အရာကလည်း ရှိလေသေးရဲ့။ ကျွန်မလည်း လူကြောက်တာ ရပ်သိရွာသိ။ ထို လူတောမတိုးသူက စာပေဟောပြောပွဲများကို တတ်သမျှ၊ စွမ်းသမျှ ဟောနေပါလျက်နှင့် သူ့လို အပြောကောင်းသူ သတ္တိရှိသူက ဘယ်လိုနည်းနှင့်မျှ ဟောပြောခိုင်းလို့ မရ။ အဆိုးဆုံးပါ။ စိတ်ဆိုးပြောလည်း သူကတော့ သူ့မူကို မပြောင်း။ စာရေးတာလည်း ရေးချင်တာကို ရေးသည်။ မရေးချင်လျှင် ဘယ်သူခိုင်းခိုင်း မရေး။ တခုသော နှစ်ဆန်းတရက်နေ့မှာ သူက ဖုန်းဆက်၏။

"ဟက်ပီးနယူးရီးယား... နင် ဘာလုပ်နေလဲ" တဲ့။

ထုံးစံအတိုင်း ကျွန်မက -

"စာရေးနေတာ"

သူ ပြောပုံက -

"ငါ ဒီနေ့ တမင် မရေးတာ။ နှစ်ဆန်းတရက်နေ့ လုပ်တဲ့ အလုပ်ဆို တနှစ်လုံး လုပ်ရတတ်တယ် ဆိုလို့ တနှစ်လုံး စာရေးနေရမှာ ပျင်းလို့" တဲ့။

မသိသူများ ဆိုလျှင် ရွဲ့များပြောလေသလား ထင်ချင်စရာ။ သူက သည်အတိုင်းပဲ တွေး၊ သည်အတိုင်း ဖြူဖြူစင်စင် ရိုးရိုးသားသား ပြောခြင်းဖြစ်ကြောင်း ကျွန်မက သိနေသောကြောင့် သူ့ကို အငေါ်တူးပြီပေါ့။

'စာဖတ်ကလဲ ပျင်းတယ်ဟ' ဟု ခဏခဏ ပြောလေသေးရဲ့။ အတွင်းမှာ ကြိတ်ဖတ်ပြီး စိတ်ယုတ်နှင့် ပြောခြင်းလည်း မဟုတ်။ သိပ်မဖတ်ဘူး ဆိုသူ၏ စာများကို ကျွန်မကတော့ မနာလိုတောင် ဖြစ်မိသည်။ သူ့စာဖတ်ပရိသတ်များ အသိမို့ ထူးပြောရန် မလိုပါ။


mgyoe.com

မည်သို့ပင်ဆိုစေ သူ့နေနည်းကတော့ အားကျဖွယ် ကောင်းလှသည်။ ပူပူပန်ပန် ဘာမှ မရှိ။ အေးအေးနေပြီး လုပ်ချင်တာလေးတွေကိုတော့ ဖြစ်အောင် မှန်မှန်လုပ်သည်။ သူ့မှာ ဘာအတွက်မှ မမော။ ကျွန်မ စိတ်ဝင်စားသည်။ အားကျသည်။ ဘာကြောင့် ဒီလို ဖြစ်နေသလဲဟု သူနှင့်ပတ်သက်ပြီး တွေးမိသည်။

အမှန်တော့ သူက သူ့မိဘများအတိုင်း ရိုးသားလွန်းစွာ ဘဝကို အအေးထောင့်မှ ရှုမြင်တတ်သူ ဖြစ်သည်။ စားတာလည်း ရိုးရိုး။ နေတာလည်း ရိုးရိုး၊ တွေးတာလည်း ရိုးရိုး။ ဖြူစင်သန့်သော နေနည်းကြောင့် သူ ဘာတွေ လုပ်လေ့ရှိသည်ကို တချို့က သိပ်မသိ။ သူကလည်း ဘယ်သောအခါမှ သူ ဘာလုပ်သည်ကို ပြောလေ့မရှိ။ သူက ဘုရားကို ကြည်ညိုကာ တရားကို သိသူ ဖြစ်သည်ဟု ကျွန်မ ပြောတော့ ရယ်သည်။ သူ့အိမ်မှ ဘုရားဝေယျာဝစ္စကို သူတဦးတည်း ဒိုင်ခံလုပ်သည်။ ပန်းအိုးထိုးတာကအစ အသေးစိတ်။ ဆွမ်းတော် မကပ်ရဘဲ ဘယ်တော့မှ မစား။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်တာ မပျက်စေရ။ ပြီး တရားစခန်းကို မှန်မှန်ဝင်။ တရားမှတ်။ သူ့မှာ မတော်လောဘ မရှိ။ မတော်မောဟ မရှိ။ မတော်ဒေါသ မရှိ။

ကျွန်မ သူ့အကြောင်း တွေးမိတာ အကောင်းချည့်များ ဖြစ်နေမည်လား မသိ။ မတတ်နိုင်။ သူ့မှာရှိသော ယောနိသော မနသိကာရကြောင့် ကျွန်မတောင် တဖြည်းဖြည်းနှင့် အတွေးများ ပြောင်းလာခဲ့ရတာ ကျွန်မ အသိလေ။

ကျွန်မကတော့ ငယ်ဘဝမှတဆင့် စိတ်သည် တသမတ်တည်း မနေ။ အပြောင်းလဲကြီး ပြောင်းခဲ့၏။ ထိုအရွေ့အပြောင်းများက အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ခဲ့ရသည်သာ။ မိဘများ၏ရင်ငွေ့မှာ အသက်သာခို အကြုံလိုက်ခဲ့သမျှ တက္ကသိုလ်အဆောင်မှာ နေတော့



mgyoe.com

ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို ကောင်းကောင်းကြီး တွေ့ခဲ့ရ။ ကြောက်လန့်တကြား ငိုရ ထွက်ပြေးတိမ်းရှောင်ရ။ နောက်တော့ မိဘ ဆရာများ၏တွန်းအား၊ ဖတ်သော စာများ၏ တွန်းအားအပြင် ရင်တွင်းမှာ သိုသိပ်သိမ်းဆည်းခဲ့မိသော အနိုင်မခံလိုစိတ်များက ရုန်းကြွ။ ကြောက်မဲ့ ကြောက်တော့လည်း သည်းသည်းလှုပ်။

သည်နေရာမှာ မပြောမဖြစ် ပြောစရာရှိသည်က တက်ကျမ်းများဟုခေါ်သော စိတ်ခွန်အားကို ဖြစ်စေသည့် စာများ။ တချို့ကတော့ မကြိုက်ဟု ဆိုကြသည်။ ကျွန်မအတွက်ကတော့ တော်တော်လေး စိတ်ခွန်အားကို ဖြစ်စေခဲ့သည်ဟု မှတ်တမ်းတင်ရဦးမည်ပင်။ မှတ်မှတ်ရရ ဆရာဖေမြင့်၏ကျေးဇူးကို မေ့ထား၍ မဖြစ်။ 'မဖြစ်နိုင်ဘူး ဆိုတာ သေချာပြီလား' ဟူသော စာအုပ်က ကျွန်မကို အပြောင်းလဲကြီး ပြောင်းလဲ စေခဲ့သည်။

စာအုပ်ကို သွားလေရာ သယ်ကာ ထပ်ကာထပ်ကာ ဖတ်သည်။ တွေးသည်။ လက်တွေ့ လုပ်ကို လုပ်မည်ဟု ကြုံးဝါးသည်။ တပါးသူငါ၏ အနိုင်ကျင့်ဒဏ်များက ခံရပါများတော့ အလိုလိုနေရင်း ရုန်းကြွလာသော စိတ်၏အဟုန်ကို ဖတ်သောစာများက ပင့်ပေးလိုက်သည်လားတော့ မသိ။ ကျွန်မမှာ ပြောရဲဆိုရဲ သွားရဲလာရဲ ရင်ဆိုင်ရဲသော သတ္တိများ အားပြည့်လာသည်။ ပြည့်မယ့်ပြည့်တော့လည်း ကိုယ့်ကိုယ်ကိုယ် ဘရိတ် မအုပ်တတ်သေး။ ရှူးခနဲဆို ဒိုင်းခနဲ အားမနာစတမ်း ပြောချပစ်လိုက်ပြီ။ ပြောပြီးသော် ကျေနပ်နေမိသည်မှာလည်း ကျွန်မကိုယ်ကျွန်မ အောင်နိုင် သူကြီးလို့။ သတ္တိရှိတာ တော်တော်လေး အရသာရှိပါလားဟုလည်း ထင်မိသေးရဲ့။

ထိုသော ကျွန်မသည် အေးနိုင်စရာ အကြောင်းရှိနိုင်ပါ့မလား လေ။ စစဦးချင်းတုန်းကတော့ အဟုတ်ထင်မိသေး။ နောက်တော့



mgyoe.com

 mgyoe.com SAMPLE BOOK 

ကိုယ့်စိတ်ကိုယ် မကြိုက်တော့ပြန်။ ဒါလည်း လောကနေနည်းအမှန် မဟုတ်နိုင်သေး ဆိုတာ သိတော့ သိလာသည်။ မကြိုက်သော်လည်း သည်အတိုင်းပင် ဆက်လက်ချီတက်နေဆဲ။ သူ့စကားတခွန်းကြောင့် ကျွန်မစိတ်တွေ ပြောင်းသွားခဲ့ရတာကိုတော့ မတွေးချင်၊ မပြောချင် ပေမယ့် မပြောလျှင်တော့ ပြည့်စုံမည် မဟုတ်။

ပွဲတပွဲမှာ ဖြစ်သည်။ ကျွန်မ အမှတ်တရစကား ပြောရန် ဖြစ်သော်လည်း ကျွန်မက တခြားရေးဖော်တယောက်သောသူကို ဦးစားပေးကာ "ဩော် သူပြောပါစေ"။ စေတနာမှန် ထားခဲ့မိသည်။ ထိုသူက ကျွန်မကို ဘယ်တုန်းကတည်းက မုန်းနေသည် မသိ။ စင်ပေါ်မှ နေပြီး ဟိုးအတိတ်ဇာတ်ကြောင်းများကို အမှန်မဟုတ်ဘဲ ဟာသလိုလို ဘာလိုလိုနှင့် ပြောချနေပါလေရော။ အံ့သြတာ အံ့သြတာ၊ ကျွန်မတို့ ကာလ စာရေးသူ တော်တော်များများ သိထားသော အမှန်တရားတခုကို မဟုတ်တရားများနှင့် စင်ပေါ်မှာ လူသိရှင်ကြား ပြောရဲတာ အံ့လည်း အံ့သြ။ သူ၏ ရင်တွင်းရနံ့တွေကို ကျွန်မ ရလိုက်ချိန်မှာ နေမလား။ ဒေါသတွေ အလိပ်လိုက် အလိပ်လိုက် ထွက်တာဆိုတာ။ ပူလို့ ထူလို့။

အမှန်က ထိုသူတယောက်နှင့် ကျွန်မတို့က တစားပွဲတည်း ထိုင်နေရင်း ဆိုတော့ သူပြန်ဆင်းလာလျှင် ကျွန်မ ချိုကြွတော့မည်။ စိတ်အလိုအတိုင်းဆိုလျှင် ပွဲတောင် ပျက်နိုင်သေးရဲ့။ ကျွန်မ အမှန် သူ အမှားလေ။ မှန်သူဘက်မှာ သိသူတွေနှင့်။ ပူထူနေသော ကျွန်မကို သူက မျက်ရိပ်ပြသည်။ သူက ကျွန်မ ဘာလို့ ဒါလောက် ဒေါသ ဖြစ်နေသည်ကို အတွင်းသိ ဆိုတော့ သိနေတာလေ။ သူ ကျွန်မကို ထိန်းပါတော့သည်။

ကျွန်မနှင့် သူက ကပ်လျက်ထိုင်နေကြတာ ဆိုတော့ မျက်နှာ ကလည်း တည်တည်နှင့် မျက်မှောင်ကြုတ်ပြလိုက်သေး။ ခေါင်းကလည်း



mgyoe.com

mgyoe.com
SAMPLE BOOK


ခါယမ်းပြလိုက်သေး။ စားပွဲခုံအောက်မှ ကျွန်မ၏လက်တဖက်ကို တင်းတင်း ဆုပ်ထားလိုက်သေး။ သူ့ကို ကြည့်မိတော့ ကျွန်မ နည်းနည်းတွေးရပြီ။ သူ ကျွန်မကို ရန်မလုပ်စေချင်တာ သေချာသည်။ သူ့ကို ကြည့်မိတိုင်း ခေါင်းကို အတွင်တွင် ခါယမ်းပြနေပြီ ဆိုကတည်းက သူ ကျွန်မကို မလုပ်စေချင်တာ သေချာနေပြီ၊ ကျွန်မကို သူ ဆန့်ကျင်ခဲ့ဘိခြင်း။ ကျွန်မ ဘာလုပ်လုပ် 'အေးပါဟ အေးပါဟ' နှင့် လိုက်လျောခဲ့သူက သူ အမှန်တကယ် မလုပ်စေချင်သောကြောင့် တားသည်မှာလည်း အဓိပ္ပာယ်တော့ ရှိလေမည်ဟုလည်း တွေးမိရဲ့၊ ကျွန်မ၏ပွဲကိုလည်း ပျက်မှာ စိုးမိရဲ့။ လျှော့... လျှော့... လျှော့... ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းကာ ငြိမ်ငြိမ်လေး ဟန်မပျက် နေနိုင်အောင် ကြိုးစားနေနိုင်သွားခဲ့သည်။

ရင်တွင်းအလိမ္မာသိကြောင့် မိုက်မဲသူကို ခွင့်လွှတ်သည်ဟူသော စိတ်နှင့် မဟုတ်လေဘဲ မကောင်းတတ်၍ ငြိမ်နေလိုက်ရခြင်းဆိုတော့ အတွေးက မငြိမ်။ မတွေးဘဲ အလိုလိုပေါ်။ ပေါ်လာတိုင်းလည်း သူ့ကို ရင်ဖွင့်။ ထိုအချိန်မှာ သူပြောသောစကားက -

"နင်ကလဲဟာ သူ ဘာပြောပြော နင် ဘာဖြစ်သွားတာ မှတ်လို့။ သူ့မှာသာ သူ့သဘောသူ ဆောင်သွားတာလေ" တဲ့။

အို... ဟုတ်လိုက်လေ။ ထိုအကြောင်းနှင့် ပတ်သက်ပြီး လေးစားရသော စာပေအစ်ကိုတယောက်ကတော့ -

"ငါ့နှမ အေးအေးနေစမ်းပါ ငါတို့ နေလာခဲ့ကြတာ ကြာပြီလေ ဘယ်သူ ဘယ်လို ဆိုတာ မသိဘဲ ရှိမလားအေ။ မဟုတ်တာ ပြောခံရတော့ လူဆိုတာ စိတ်တော့ ဆိုးတာပေါ့၊ ဆိုးပါ၊ ဒါပေမဲ့ စိတ်နာတာတွေ ဘာတွေထိတော့ မခံစားလိုက်ပါနဲ့။ ငါတို့တွေ အသက်တွေလည်း ကြီးကြီးကြပြီ။ ဒါလေးနဲ့ ဒါလေးပဲ ရှိကြတာ"

ဟု ဆုံးမသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


အချိန်တွေ ကြာလို့ မတော်တဆ ထိုအကြောင်းများ တွေးမိလျှင်တော့ သူလည်း မှန်သည်။ ဆုံးမစကား ပြောခဲ့သော အစ်ကိုကြီးလည်း မှန်သည်ကို ကျွန်မ နားလည်ခဲ့ရသည်။ ထိုအခါ ကျွန်မ၏စိတ်ကို ပြောင်းရပြန်သည်။ ဩော်… မှန်လိုက်တာ။ 'သူ့သဘောသူ ဆောင်တယ်' ဟူသော သူ၏အသုံးသည် ထိုနေရာ ထိုအကြောင်းအတွက်သာ မဟုတ်။ အရာအားလုံးအတွက် ဖြစ်နေပြန်ရာ ကျွန်မ သူ့ကို ရင်ထဲမှ ကြိတ်ပြီး တိတ်တိတ်ကလေး ကျေးဇူးတင်ထားရပါရောလား။ ဒါတွေကို သူကတော့ သိမည်မဟုတ်။

သူလည်း ကျွန်မတို့ဖြတ်သန်းခဲ့သော ခရီးရှည်တလျှောက်မှာ နာလိုခံခက်စကားများကို အများကြီး ကြားခဲ့ရတာ ကျွန်မ အသိ။ 'ဘယ်သူက ဘယ်လိုပြောတာ' ဟုသူက ကျွန်မကို ပြန်ပြန်ပြောသော ကြောင့်သာ ကျွန်မ ကြားရသည်။ ကျွန်မက 'ဟယ်… ပြောရက်လိုက်ကြတာ။ ကြည့်စမ်း ကြည့်စမ်း ဒါ သက်သက်စော်ကားတာ' စသည်ဖြင့် ဒေါသတွေဖြစ်။

"အရေးလုပ်လို့ဟာ၊ ကိုယ် မဟုတ် ပြီးတာပဲ။ ငါကတော့ ဘယ်သူ ဘာပြောပြော မှုမနေပါဘူး။ ကိုယ့်လိပ်ပြာ ကိုယ်လုံဖို့ပဲ အရေးကြီးတာ။ ငါလုပ်စရာရှိတာတော့ ဆက်လုပ်မှာပဲ"

ဟု ပြောလည်း ပြော ပုံမှန်ပဲ ဆက်လက်နေထိုင်သည်။

သို့သော် သူ့ကို မကောင်းနိုးနား ပြောထားသူများကိုတော့လည်း ပုံမှန်အတိုင်း ပြောဆိုမပျက်။ ကျွန်မ အတုယူရပါသည်။

သူနှင့်ပတ်သက်ပြီး အထိတ်တလန့် ဖြစ်ခဲ့ရတာကလည်း မေ့နိုင်စရာမရှိ။ ကျွန်မတို့မန္တလေးကို မေစုလာ၍ စာရေးသူများနှင့် ညစာစားသည့် ညက ဖြစ်ပါသည်။ ကျွန်မက မေစုနှင့် တစားပွဲတည်း စားရပြီး အားလုံးကိုယ်စား ကျေးဇူးတင်စကား ပြောရမှာမို့ မက်ရန်တောင်


mgyoe.com

mgyoe.com
SAMPLE BOOK


မငံ့ရဲသော အံ့ဩဖွယ်အိပ်မက်ကို မက်နေရချိန်။ စိတ်တွေ လှုပ်ရှားထူပူပြီး ပြောမှားဆိုမှား အနေမှားမိမှာ အစိုးရိမ်တွေ လွှန်နေချိန်။ အားလုံး ထမင်းစား၍ ပြီးလုနီးပြီ ဆိုတော့ သူက တခြားစားပွဲမှာ စားနေရာက ထလာပြီး-

"ဟော့ ငါတို့ အမေနဲ့ ဓာတ်ပုံရိုက်ရအောင်" တဲ့။

အမယ်လေးလေး... ညှော်ခံပွဲကြီးတခုလုံး ငြိမ်နေချိန်မှာ သူက... ကျွန်မမှာ ဘာပြန်ပြောရမှန်း မသိ။ ဘယ်လိုလုပ်ပြီး အမေ့ကို ပြောရဲပါ့မလဲ။ ကျွန်မ ကြောင်ပြီး ငြိမ်နေသည်ကို ကျွန်မ၏ဘေးက ကျွန်မတို့ချစ်ခင်မြတ်နိုးလေးစားကြသော ဦးဇော်(ဝန်ကြီးချုပ်ကြီးက) မနေနိုင်တော့ဘဲ -

"ပေးပေး ဖုန်း။ ကျွန်တော် ရိုက်ပေးမယ်။ အစ်မ...၊ ဆရာမတို့နဲ့ တပုံလောက်"

ဟု ကျွန်မတို့ကို ပြောရင်း မေစုကိုလည်း ခွင့်တောင်းပေးပါသည်။

မေစုက ပြုံးလျက် ခေါင်းလေးညိတ်ပြပြီး လှလှလေး ပြုံးပေးတာ တသက်တာအတွက် မေ့နိုင်စရာလားလေ။

ဓာတ်ပုံတွေ ထွက်လာတော့မှ ပျော်လိုက်တာ။ သူ စွတ်စွတ်ရွတ်ရွတ် တောင်းဆိုလို့။ ကျွန်မ အလိုသာဆို ထိုကဲ့သို့သော အမှတ်တရပုံမျိုး ဘယ်ရနိုင်လိမ့်မလဲ။

"ငါလဲ ခုလိုကြုံဖို့ ဆိုတာ နောက်တကြိမ် ရှိဖို့ မလွယ်ဘူးလေ။ ဘယ်လိုကို ဆန္ဒပြင်းပြမှန်း မသိပါဘူးဟာ။ ခုမှ ပြန်တွေးပြီး ရယ်လဲ ရယ်ချင်ပါရဲ့"

ဟု ဆိုသည်။

မေစုနှင့် ပတ်သက်လျှင် သူက ခုမှမဟုတ်။ ဟိုးရှေးရှေးတုန်းကပဟု ပြောရလောက်အောင်ပင် စိတ်ဓာတ်ပြင်းပြနိုင်မာသူ ဖြစ်သည်။


mgyoe.com